www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၃၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၄၉၁၂၁၀
၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓာမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချိ၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ ဖြည်လုံးကျွတ်ဖြန့်ချိရေး
ရွှေဂုံအောင်စာပေ အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၀၁ ၄၀၁၃၆၄၊ ၀၁ ၇၃၁၁၃၉၀၉

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
မာယာရှင်မလေး၏ တတိယမြောက်နှာရေး/
ကန်လေးရိုးကဖွားလောက်ကြီး။ - ရန်ကုန်၊
ဂန္ဓာမြိုင်စာပေ၊ ၂၀၁၀။
၁၃၂-စာ၊ ၁၃.၀ x ၂၀၇ စင်တီ။
(၁) မာယာရှင်မလေး၏ တတိယမြောက်နှာရေး


# ဖွားလောက်ကြီးရဲ့
# ရင်ဖွင့်သံ

ချစ်ရှာသော စာဖတ်ပရိသတ်ကြီးခင်ဗျား ...

ကျွန်တော့်ထံသို့ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်တစ်ဖုံ ဆက်သွယ်၍ ပရိသတ် သိလိုသမျှ မေးကြအားပေးကြဝေဖန်ကြတာတွေများစွာ ရှိကြပါတယ် ...

သူတို့ရဲ့အမြင် သူတို့ရဲ့ သုံးသပ်မှုတွေကို သိရတဲ့အခါ ကျွန်တော်များစွာကျေနပ်မိပါတယ်။

ဖွားလောက်ကြီးဟာ ဖွားလောက်ကြီးဖြစ်ဖို့များစွာကြိုးစားခဲ့ရသလို၊ ကိုယ်တိုင်လည်း အတွေ့အကြုံရှိအောင်လေ့လာခဲ့ရပါတယ် ... ဇာတ်လမ်းဇာတ်ကွက်အတွေးအခေါ်တွေနဲ့ ပရိသတ်ကိုတင်ပြပုံကိုလည်း ဂရုတစိုက် သွယ်ဝိုက်စွာထင်သာမြင်သာအောင် ထိမိတဲ့အရေးအသားနဲ့ ရေးသားတင်ပြခဲ့ပါတယ် ...

ဝရိသတ်ကြီးခင်ဗျား ...

ဇာတ်လမ်းတစ်အုပ်နှင့်တစ်အုပ် မထပ်အောင် ကြိုးစားရေးသားနေသလို စာဖတ်ပရိသတ်အတွက် ထိမိတဲ့ရသကိုခံစားရအောင် ရေးဖွဲ့နေပါတယ် ...

တစ်ချို့ဇာတ်လမ်းတွေမှာ ပရိသတ်ဖြစ်စေချင်သလို ကျွန်တော်ကိုယ်တိုင်ကလည်း တင်ပြချင်ပါတယ်။ ဒါပေမဲ့ ...

ပရိသတ်ကြီးနဲ့ကျွန်တော် ...

ကျွန်တော်နဲ့ပရိသတ်ကြီး ...

တူညီတဲ့သဘောတရားတွေ ရင်ဖွင့်မယ်ဆိုရင် ဖွားလောက်ကြီးဆီ ဖုန်းသာဆက်လိုက်ပါ။

ဖွားလောက်ကြီးက ပရိသတ်ကြီးသိချင်တာကို အားပါးတရကြီးဖြေမှာပါလို့ ...

ပရိသတ်ကြီးကိုအစဉ်လေးစားလျက်
ကန်လေးရိုးက
**ဖွားလောက်ကြီး**


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ထံသို့ ဖုန်းဆက်သူအားလုံးကို မှတ်တမ်းတင်ဖော်ပြ ချင်ပါသော်လည်း စာမျက်နှာအခက်အခဲကြောင့် သာမန်ထက်ထူးတယ် ထင်တဲ့ ဖုန်းပြောစကားတချို့ကိုသာ ဖော်ပြပေးလိုက်ပါတယ်။

နောင်ဆက်လက်ထွက်ရှိမည့် စာအုပ်တွေကိုလည်း သိချင်တာ ဝေဖန်ချင်တာတွေကို ဆက်သွယ်နိုင်ပါတယ်လို့ ....

အားလုံးကိုကျေးဇူးတင်လျက်
မေတ္တာများစွာဖြင့် .....
ကန်လေးရိုးက
**မွှားလောက်ကြီး**



တစ်ရက်သော နံနက်ခင်း ကျွန်တော်အိပ်ရာကနိုးစပင်ရှိသေးသည်။

"တူ ... တူ ..."

ဖုန်းသံက မြည်လာသဖြင့် ကောက်ကိုင်လိုက်၏။

"ဟဲလို ..."

"ဂွတ်မော်နင်း မစ္စတာမွှားလောက်ကြီး"

"ဗျာ ..."

အသံကယောက်ျားကြီးတစ်ယောက်၏အသံ။ ကျွန်တော့်ဆီဖုန်းဆက်လေ့ရှိသည့် မိတ်ဆွေတွေထဲကအသံတော့မဟုတ်။

"မစ္စတာ မွှားလောက်ကြီး ခင်ဗျားရေးတဲ့ "ဝိညာဉ်တို့၏ မရဏာခရီး" စာအုပ်ထဲက မြို့ဟာဘယ်မြို့လဲ"

"ဗျာ ..."

"ဘာလဲဗျာ တဗျာဗျာနဲ့ ကျုပ်မေးတာမြို့"

"အခုပြောနေတာက ..."

"ကျုပ်က ဦးသူတော်ဗျ ... နယ်တကာလှည့်ပြီး ဆန်ခံနေတာ နေရာစုံရောက်ဖူးတယ် ... ဟဲ ဟဲ မြေလျှောက်သူတော်ပေါ့ဗျာ ... ဦးသူတော်ဆိုလို့အထင်မသေးနဲ့နော် ... စာအုပ်ဖတ်တယ် ... ကဲ ... ပြောပါခင်ဗျာ ... စာအုပ်ထဲက မြို့ဟာဘယ်မြို့လဲ"

"ဟို ... ဟို ..."

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘယ်လိုပြောရမှန်းမသိဖြစ်သွားသည်။ အရှိအတိုင်းပြောလို့ကလည်း မဖြစ်ပြန် —

"ခင်ဗျားမပြောချင်တာလား။ ရတယ်ထားတော့ ခင်ဗျားစာအုပ်ထဲမှာ ဝိညာဉ်တွေတာ တဖြည်းဖြည်းရုပ်တွေပြောင်းလာတာဆိုတော့ သူတို့ကိုယ်တိုင်က သူတို့ကိုယ်သူတို့ သေသွားကြပြီဆိုတာ တကယ်မသိကြဘူးလား"

စကားလည်းမပြတ်တမ်းပြောသလို သိချင်တာတွေများနေသည့် ဦးသူတော်အား ကျွန်တော်က ...

"အဲဒီဇာတ်လမ်းလေးက တကယ်ဖြစ်ခဲ့တာပါ"

"ဘာ ... ဘယ်လို"

"ဟုတ်ပါတယ် ဦးသူတော် ... သူတို့တွေထဲက အောင်ကြီးတစ်ယောက်ပဲအသက်ရှင်ခဲ့တာပါ"

"ဟာ ... ဒါဆို ဇာတ်သိမ်းမှာရေးထားတာက တစ်မျိုးဖြစ်နေပါလား"

"ဇာတ်လမ်းရေးရတာကြောင့်ပါ"

"ခင်ဗျားကလုပ်တော့မယ် ... ဇာတ်လမ်းတစ်အုပ်လုံး ချောက်ချားစရာ တွေကြီးပဲ၊ ကျုပ်တောင် စာအုပ်ဖတ်ရင်း လန့်လာတယ်"

"ကျေးဇူးတင်ပါတယ် ဦးသူတော်"

"ဘာ ... ဘာလဲဗျ ကျုပ်လန့်တာကို ခင်ဗျားက ကျေးဇူးတင်တယ် ဟုတ်လား"

"ကျွန်တော့်စာအုပ်ကို စိတ်ဝင်စားလို့ပါ"

"ပြီးရောဗျာ ... ခင်ဗျားစာအုပ်ထဲမှာပါတဲ့မြို့ကိုပြောဦး"

"ရှမ်းပြည်နယ်ဘက်မှာပါ"

"ရှာတယ်လေ ... ဦးသူတော်ပဲ ရအောင်ရှာမယ်၊ အဲဒီမြို့မှာ အောင်ကြီး ရှိသေးလား"

"ရှိ ... ရှိမယ်ထင်တယ်"

"ခင်ဗျားကလည်း ဘာမှမရေမရာနဲ့ ဒါပဲ"

ဦးသူတော်က စိတ်တိုစွာ ဖုန်းကိုချသွားသည်။ ပြီးတော့ ကျွန်တော်ပြုံးမိ၏။ ဆွမ်းဆန်ခံတဲ့ ဦးသူတော်က ကျွန်တော်ရေးတဲ့စာအုပ်ထဲကမြို့ကိုရှာမည်တဲ့ ...

ဪ ... သူလည်း သူ့အတွေးနဲ့သူပဲလေဟု စဉ်းစားမိသည်။ သေချာတာက အောင်ကြီးတို့မြို့ပြင်တစ်နေရာမှာရှိတဲ့ ချုပ်(စ်)ကျောင်းရဲ့ ခေါင်းလောင်းသံက နံနက်အရုဏ်ဆို ဒီနေ့ထိ မြည်နေဆဲဟု ဦးသူတော်ကို ကျွန်တော်မပြောလိုက်မိပါ —

စာဖတ်ပရိသတ်ကြီးလည်း ဆွမ်းဆန်ခံရင်း အောင်ကြီးတို့မြို့ကိုရှာနေ သည့် ဦးသူတော်ကိုတွေ့ရင် မှန်းဆပြီးပြောလိုက်ကြပါ ...

ကျွန်တော်က ဘာလို့မပြောတာလဲဆိုတော့ ကာယကံရှင် အောင်ကြီးကို အားနာလို့ပါ .....

"တူ ... တူ"

"ဟဲလို"

"စာရေးဆရာ မှားလောက်ကြီးနဲ့ ပြောချင်လို့ပါ"

လေသံက ဝဲတဲတဲနိုင်မို့ တိုင်းရင်းသူတစ်ယောက်ဖြစ်မည်ဟု ကျွန်တော် ထင်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် ဖွားလောက်ကြီးပါ"

"ဟုတ်ကဲ့ရှင့် ... နော်အဲက ဘားအံကပါ၊ အခုလို ခရစ်စမတ်ရက်တွေ မှာ ဆရာ့ရဲ့ ဝိညာဉ်တို့၏ မရလာခရီးစာအုပ်ကိုဖတ်ရတော့ နော်အဲတို့ညဘက်အပြင်မထွက်ရဲအောင် ဖြစ်နေတယ်"

"ဆောရီးပဲ နော်အဲ ... စိတ်ထဲမစွဲပါနဲ့၊ ဇာတ်လမ်းလို့ပဲ သဘော ထားပါ"

"ဆရာက ခရစ်ယာန်လားဟင်"

"မဟုတ်ပါဘူး ... ဘာလို့လဲ နော်အဲ"

www.burmeseclassic.com

"ဆရာစာအုပ်ထဲမှာ ချပ်(စ်)ကျောင်းထဲကအဖြစ်အပျက်တွေ ရေးထားလို့ပါ"

"စာရေးရင်းအသက်မွေးရတာဆိုတော့ လှေ့လာထားတာပါ"

တစ်ဖက်မှ အသံကခဏတိတ်သွားသည်။ ခဏကြာမှ ...

"ဆရာ ... လူဟာ သေပြီးရင် ဆရာစာအုပ်ထဲကလို ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိဘဲ လုပ်မြဲအလုပ်တွေကို လုပ်နေတာပဲလားဆရာ"

"နော်အဲ ဘယ်လိုထင်လဲ"

"မသိလို့ ဆရာ့ကို မေးတာလေ"

"နော်အဲကိုရှင်းပြမယ်ဆိုရင် အရှည်ကြီးဖြစ်နေလိမ့်မယ် ... ဒီလိုလုပ် ဆရာ ရေးနေတဲ့ သေမင်းဒိုင်ယာရီထဲက ဝိညာဉ်မလေးနာမည်စာအုပ်ထွက်ရင် ဖတ်ကြည့်လိုက်ပါ"

"ဘယ်တော့ထွက်မှာလဲ ဆရာ"

"သိပ်မကြာခင်မှာ ထွက်မယ်"

"ကျေးဇူးပဲဆရာ"

နော်အဲကတော့ ဖုန်းချသွားသည်။ ကျွန်တော်တွေးမိတာက နော်အဲပြောသလို ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ဘာလဲဆိုတာ ဆန်းစစ်ဖို့လိုလာမည်ထင်မိသည်။

---

"တူ ... တူ"

နာရီကိုလှမ်းကြည့်မိတော့ ညဆယ့်နှစ်နာရီတောင်ထိုးတော့မည်။ ဘယ်က ဖုန်းလဲဟု တွေးရင်း ဖုန်းကိုကောက်ကိုင်လိုက်၏။

"ဟဲလို ဖွားလောက်ကြီးပါ"

"ဆရာဖွားလောက်ကြီး ကျွန်တော်က ကုမ္ပဏီညစောင့်တစ်ယောက်ပါ"

"ဟုတ်ကဲ့"

"ညစောင့်ဆိုတော့ အိပ်လို့မရတော့ စာဖတ်နေတယ်၊ ဖတ်တာလည်း ဆရာ စာအုပ်ပဲ ... ဘာတဲ့ မိစ္ဆာမြေက အကျည်းစံတစ္ဆေမလေး"

"ဟုတ်ကဲ့ ... ဘာပြောချင်တာလဲ ခင်ဗျာ"

"ကျွန်တော်သိချင်တာက သင်္ချိုင်းမှာမွေးတဲ့ကလေးကို ရွာထဲဘာလို့ခေါ်လို့ ရတာလဲ"

"အရမ်းရှေးဆန်ပြီး ချောင်ကျတဲ့ရွာလေးတစ်ရွာရဲ့ အယူသည်းမှုပါ၊ နေရာ ဒေသတော်တော်များများမှာတော့ အယူသည်းတဲ့ဓလေ့တွေ ပျောက်ကုန်ပါပြီ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ကုမ္ပဏီညစောင့်ဝန်ထမ်းက ဖုန်းကိုချသွားတော့သည်။

---

"တူ ... တူ"

"ဟဲလို ဖွားလောက်ကြီးပါ"

တစ်ဖက်အသံရှင်က ဖုန်းကိုဆက်မပြောသေးဘဲ ငြိမ်ဖြစ်နေသည်။

"ဟင် ... ဟင် ... "

"ဟာ ... ဘယ်လိုဖြစ်တာလဲ ... ဘာဖြစ်လို့လဲခင်ဗျာ"

ဖုန်းခွက်ကိုကိုင်ပြီး ငိုနေသည့် မိန်းကလေးကို ကျွန်တော်မေးလိုက်သည်။

"ဆရာ ... ကျွန်မနာမည် သဒ္ဒါဖြူပါ"

"ဟုတ်ကဲ့ သဒ္ဒါဖြူ ... ဘာဖြစ်လို့လဲပြော"

"သဒ္ဒါ့သူငယ်ချင်း သီရိလေ မနေ့ကပဲ ဆုံးသွားပြီ"

"ဗျော် ... "

တစ်ဖက်မှ မိန်းကလေးကို ကျွန်တော်မသိပါ။ သူကလည်း သူပြောချင်ရာကို ပြောလို့ နေ၏။

"သီရိဆုံးတာ ကင်ဆာရောဂါနဲ့ပါ ... သူကလေ ဆရာရေးတဲ့ မရဏာဝိညာဉ် မာယာရှင်တစ္ဆေမလေးစာအုပ်ကို သိပ်ကြိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"သီရိက သေမယ့်ရက်ကိုစောင့်နေရတာဆိုတော့ မသေခင်မှာ သန္ဒါကိုမှာသွားတယ်၊ သူသေရင် သူ့အခေါင်းထဲကို မာယာရှင်တစ္ဆေမလေးစာအုပ်ထည့်ပေးလိုက်ပါတဲ့"

"စိတ်မကောင်းစရာပဲ"

"ပို့ပြီးစိတ်မကောင်းစရာက ... သီရိသေတော့ သူ့အခန်းထဲမှာ စာအုပ်မတွေ့တော့ဘူးဆရာ"

"ပျောက်သွားတာလား"

"မသိပါဘူးဆရာ ... သီရိကို မနက်ဖြန်နေ့လည်တစ်နာရီရေဝေးသုသာန်မှာသင်္ဂြိုဟ်မယ်၊ ဆရာကူညီနိုင်မယ်ဆိုရင် သန္ဒါ့ဆီကို ဆရာ့စာအုပ်ပို့ပေးလိုက်ပါလား"

"သန္ဒါ့လိပ်စာပြော ..."

သန္ဒါဖြူက သူနေသည့် သုဝဏ္ဏာမြို့နယ်ထဲကလိပ်စာကို ရွတ်ပြလိုက်သည်။

"လူလွှတ်ပြီးပို့ပေးလိုက်ပါ့မယ်"

"ကျေးဇူးအများကြီးတင်တယ်ဆရာ၊ သီရိက ဆရာ့စာအုပ်ထဲမှာပါတဲ့ မျှော်ဆရာလိုလူမျိုး သိပ်တွေ့ချင်တာ၊ မတွေ့သွားရရှာဘူး၊ ဒါနဲ့ စကားမစပ် ဆရာက မှော်ပညာတတ်လားဟင်"

"အင်း ... မတတ်ပါဘူး"

"မတတ်ဘဲနဲ့ စာအုပ်တွေမှာ မှော်လိုလိုစိတ်ညှို့တာလိုလိုနဲ့ ထူးထူးဆန်းဆန်းတွေ ဘာလို့လျှောက်ရေးတာလဲ"

"ပရိသတ်ကျေနပ်အောင်ပါ"

"သန္ဒါ့ သူငယ်ချင်းကတော့ ဆရာရေးတဲ့စာအုပ်ထဲကပညာတွေကို အဟုတ်ထင်ပြီး တမလွန်ကိုသွားရှာပြီ ... ဒါပါပဲဆရာ စာအုပ်ဆက်ဆက်ပို့ပေးနော်"

"ဟုတ်ကဲ့ ..."

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | မရဏာအပြန်ခရီး |
| အခန်း | ၂။ | သူ့ကိုကြောက်တယ် |
| အခန်း | ၃။ | လူဝင်စား |
| အခန်း | ၄။ | ပြန်လာတဲ့ ဘဝ |
| အခန်း | ၅။ | သတ်မယ် |
| အခန်း | ၆။ | သချိုင်းသွားမယ် |
| အခန်း | ၇။ | ဘဝဟောင်းကပညာ |
| အခန်း | ၈။ | ညှော်ဆိုး |
| အခန်း | ၉။ | မာယာကွန်ယက် |
| အခန်း | ၁၀။ | မာယာထောင်ခြောက် |
| အခန်း | ၁၁။ | မျှော်နေသူ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အခန်း | ၁၂။ | ဝိညာဉ်တိုးမှာ |
| အခန်း | ၁၃။ | ဝိညာဉ်ကိုသတ်ချင်တဲ့ည |
| အခန်း | ၁၄။ | ခွင့်တောင်းသူ |
| အခန်း | ၁၅။ | သေွးပျက်နေသူလေး |
| အခန်း | ၁၆။ | အလောင်းပျောက်သွားပြီ |
| အခန်း | ၁၇။ | တတိယဝိညာဉ် |
| အခန်း | ၁၈။ | အကြင်နာဆက်သူ |


အခန်း (၁)

## မရဏဘာပြန်ခရီး

လွယ်အိတ်ဟောင်းကြီးတစ်လုံးကို ပခုံးမှာလွယ်ရင်း လျှောက်လာသည့် ခြေလှမ်းတို့က လေးကွေးလွန်းလှသလို ဖရိုဖရဲဆံပင်၊ မရိတ်ဘဲထားသည့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့မှာ ရှည်လျားလွန်းလှသည်။

ညနေစောင်း နေဝင်ရီတရောအချိန်ဆိုတော့လည်း သူ့ကို ဘယ်သူမှ သတိမထားမိကြ။ သူဝင်လာသည့်လမ်းတစ်လျှောက် တိတ်ဆိတ်နေသလို ခမ်းသာကြွယ်ဝသည့် ရပ်ကွက်လည်းဖြစ်တာကြောင့် လူသွားလူလာကရှင်းလို့နေ၏။

ခြံဝင်းကျယ်ကြီးများနှင့် ခေတ်မီလှပသည့်တိုက်ကြီးတို့ကို ဆောက်ထားသည့် ရပ်ကွက်မှာ လူကုံထံရပ်ကွက်တစ်ခုဟု ဆိုရပေမည်။

ထူထဲလှသည့် သံပန်းတံခါးအနက်ကြီး ပိတ်ထားသည့် ခြံကြီးရှေ့ရောက်သောအခါ လွယ်အိတ်နှင့်လူက ခြံတံခါးအုပ်တိုင်ရှိ လူခေါ်ဘဲလ်ကိုနှိပ်လိုက်သည်။

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

ခဏကြာတော့ အထဲကလူတစ်ဦးရောက်လာပြီး ...

''ဘာကိစ္စရှိလို့လဲ ခင်ဗျာ''

အပြင်ကလွှယ်အိတ်နှင့်လူက ခြံထဲကလူကိုသေချာစိုက်ကြည့်ကာ-

''ဟော့ကောင် ... ဖိုးတုတ် တံခါးဖွင့်စမ်း''

အထဲကလူက လွှယ်အိတ်နှင့်လူကိုကြည့်ကာ အံ့ဩလို့သွားသည်။

''ဆ ... ဆရာ ... ''

''အေး ... တံခါးဖွင့်စမ်း ... ဘာကြောင်နေတာလဲ မျိုးမြတ်မြတ်ရှိတယ်မလား''

လေသံမာမာနှင့်မေးလိုက်ရာ ဖိုးတုတ်က ...

''ရှိ ... ရှိပါတယ် ... ဆရာ ... ကလေးသိပ်နေတယ်''

''အေး ... ''

ပြော၍ တံခါးကိုဟပေးသော ဖိုးတုတ်ကိုအသာတွန်း၍ ခြံထဲသို့ဝင်လာခဲ့သည်။

ခမ်းနားထည်ဝါလှသည့် နှစ်ထပ်တိုက်ကြီးက နန်းတော်ကြီးတစ်ခုလို လွန်စွာလှပနေသည်။ တိုက်ကြီးရှေ့ကားအဝင် ကွန်ကရစ်လမ်းကျယ်ဘေးက မြက်ခင်းကလည်းစိမ်းလို့နေကာ တိုက်ကြီးဘေးရေကူးကန်က ရေကလည်းကြည်စိမ်းနေ၏။

ဖိုးတုတ်ကလွှယ်အိတ်နှင့်နောက်ကနေ ကပ်၍လိုက်လာရင်း ...

''ဆရာ သမီးလေးက အရမ်းတတ်တာဆရာရဲ့ ရုပ်က ဆရာနဲ့ရော ဆရာကတော်နဲ့ရောမတူဘူး''

'' ... ''

လွှယ်အိတ်နှင့်လူ ဖိုးတုတ်ကို ဘာမှပြန်မပြော အိမ်တံခါးဝသို့လျှောက်လာပြီး တံခါးဝမှအိမ်ထဲခေါ်သည့်ဘဲလ်ကိုနှိပ်လိုက်သည်။





အိမ်တံခါးက သိပ်မကြာခင်မှာ ပွင့်လာပြီး အထဲမှမိန်းမကြီးက လွှယ်အိတ်နှင့်လူကိုသေချာကြည့်၍ ...

''မောင် ... မောင်သီဟဇော်''

''ဟုတ်တယ် ဒေါ်နန်းထူး မျိုးကိုသွားခေါ်လိုက်''

''အေး ... အေး''

ဒေါ်နန်းထူးက အိမ်ထဲသို့ပြေးဝင်သွားသောအခါ သီဟဇော်အိမ်ထဲဝင်လာကာ ဆိုဖာခုံပေါ်လွှယ်အိတ်ပစ်တင်လိုက်ပြီး လူလည်းခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

အဖိုးတန်ပစ္စည်းတို့ဖြင့် လှပစွာပြင်ဆင်ထားသည့် ဧည့်ခန်းကြီးမှာ သီဟဇော်၏ပုံသဏ္ဌာန် ဝတ်စားထားသည့်အဝတ်အစားတို့ဖြင့် လုံးဝလိုက်ဖက်ခြင်းမရှိ။

အခန်းနံရံတွင်ချိတ်ဆွဲထားသည့် ကျောက်ပန်းချီများ၏တန်ဘိုးကပင် သိန်းနှင့်ချီ၍တန်သည်။ တန်ဘိုးကြီးလှသည့် ဆိုဖာခုံကြီးများအပြင် ခင်းထားသည့် ကောဇောများရဲ့တောက်ပပုံက တော်ရုံလူပင် နင်းရက်စရာမရှိလှ။

လေအေးစက် လေသန့်စက်တို့ကို တပ်ဆင်ထားသောကြောင့် အခန်း၏ တန်ဘိုးက ကြီးကျယ်လွန်းလှသည်။

''ကို''

''ဟင်''

သူ့နောက်ကျောက အသံကြောင့် သီဟဇော်လှည့်ကြည့်လိုက်ရာ သူ့ဇနီးချော မျိုးမြတ်မြတ် သူ့ဆီပြေးလာကာ အနားရောက်တော့ အတင်းဖက်ထားသည်။

''ကိုရယ် ကိုပြန်လာမှာ မျိုးကိုဘာလို့အကြောင်းမကြားတာလဲ'' ပြောလည်းပြော မျက်ရည်များလည်းကျလာသည်။ သီဟဇော် လူချင်း

www.burmeseclassic.com



အသားဒူကာ မျိုးမြတ်မြတ်ပန်းကိုကိုင်ရင်း ...

"ကိုရောက်လာပြီပဲ မျိုးရယ် မငိုနဲ့တော့နော်"

"ကိုရယ် ... "

မျိုးမြတ်မြတ်က ခင်ပွန်းသည်သီဟဇော်မျက်နှာကို သေချာစိုက်ကြည့်လိုက်၏။

"ဘာလဲ ... မျိုး ကို့ပုံစံက အရင်လိုမချောတော့လို့လား"

"မဟုတ်ပါဘူး ကိုရယ်၊ ကိုပင်ပန်းဆင်းရဲခဲ့တာတွေကို တွေးမိပြီး စိတ်မကောင်းဖြစ်သွားလို့ပါ"

သီဟဇော်က ပြုံးရယ်ပြီး ...

"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ ပြီးခဲ့တာတွေမေ့လိုက်တော့ ဒီနေ့က စပြီး ကိုယ့်ရဲ့ဘဝကိုတစ်ကပြန်စမယ် ဟုတ်ပြီလား"

"အင်း"

မျိုးမြတ်မြတ်ကပြုံး၍ သီဟဇော်ကိုခေါင်းညိတ်ပြလိုက်သည်။

"ကံကြမ္မာဆိုးတွေ ပြီးခဲ့ပါပြီမျိုးရယ်၊ တို့တွေကြုံခဲ့တဲ့ အဖြစ်ဆိုးတွေ နောက်မကြုံတော့ပါဘူး၊ သာယာချမ်းမြေ့တဲ့ ဘဝကိုပဲ တည်ဆောက်တော့မယ်နော်၊ မျိုးလည်းကိုယ့်အပေါ်ယုံပါ မျိုးရယ်"

"ယုံပါတယ် ကိုရယ်"

မျိုးမြတ်မြတ်ကပြောကာ သီဟဇော်ရင်ခွင်ထဲခေါင်းဝင်ကာ နေလေသည်။ သီဟဇော်က ...

"မျိုး ... ကိုယ်ဗိုက်ဆာနေပြီ ထမင်းကျွေးဦးလေ"

"ဟာ ... ဟုတ်သားပဲ ကိုဗိုက်ဆာလာမှပေါ့လာ"

မျိုးမြတ်မြတ်က သီဟဇော် ခါးကိုဖက်ကာ ထမင်းစားခန်းဆီသို့ခေါ် လာခဲ့သည်။

ရဲရင့်အောင်စာပေ



တစ်ယောက်နှင့်တစ်ယောက်သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံတွေဖြစ်လျှင် မမျှော်လင့်တဲ့ ကြမ္မာဆိုးကြောင့်ခွဲခဲ့ရပေမယ့် အခုတော့လည်း သူတို့မိသားစုလေး ဘဝက တိမ်မည်းတွေကွယ်ပြီလို့မျှော်လင့်ရင်းနှင့် ...

မနက်ဖြန်တွေကို ဆက်ရဦးမယ်လေ ...

◆◆◆

ရဲရင့်အောင်စာပေ

www.burmeseclassic.com

## အခန်း (၂)

## သူ့ကိုကြောက်တယ်

"ဝါး"

ရှုးရှုးဝါးဝါးထငိုသည့် သမီးလေးရဲ့အသံကြောင့် မျိုးမြတ်မြတ်သမီးလေးကို အတင်းပွေ့ကာချော့လိုက်သည်။

"သမီးလေး ဘာဖြစ်လို့ထငိုတာလဲ"

"ဝါး"

သမီးလေးက အငိုမပျက် ငိုမြဲငိုလို့နေသည်။

"မေမေ့ကိုပြောလေ ဘာလို့ငိုနေတာလဲလို့ ညကြီးအချိန်မတော် မငိုကောင်းဘူးသမီးရယ် တိတ်နော်"

"မေမေ ... သူ ... သူ ... "

မျိုးမြတ်မြတ်ဘေးမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေသော သီဟဇော်ကို လက်ညှိုးထိုးကာ ငိုနေခြင်းဖြစ်တာကို မျိုးမြတ်မြတ်သိသောအခါ သမီးလေးအား ...





"သမီး ... အဲဒါ သမီးဖေဖေလေ"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ဝါး ... ဝါး ... ဝါး"

သမီးလေးကအတင်းငြင်းကာ အော်ငိုမြဲငို၏။ သီဟဇော်ကအိပ်လို့ကောင်းနေဆဲ လှုပ်တောင်မလှုပ်နိုင် ...

"ခက်တာပဲ သမီးရယ် မေမေဘယ်လိုရှင်းပြရမလဲ"

"သူ့ကို အခန်းထဲကထုတ်လိုက်မေမေ"

"ဟင်"

သမီးလေးရဲ့စကားကို မျိုးမြတ်မြတ် အံ့သြသွားသည်။ သမီးလေးကအလုပ်သူကို စိမ်းလို့နေ၏။

ဒါကလည်း သမီးလေးမွေးစဉ်ကတည်းက ဒီနေ့ထိသီဟဇော် အိမ်မှာနေ့တာလည်းပါမည် ...င်သည်။ သမီးလေးက သူ့ဖအေကိုကြောက်လို့နေသည်။

"ဝါး ... မေမေ ... သူ့ကို မီးဖိုကြောက်တယ် အခန်းပြင်ထုတ်ပေးပါမေမေရယ်"

မျိုးမြတ်မြတ်က သမီးလေးကို ရင်ခွင်ထဲထည့်၍ချော့ကာ ...

"သမီး ... သူက သမီးရဲ့ဖေဖေလေ"

"မဟုတ်ဘူး ... လုံးဝမဟုတ်ဘူး လူသတ်သမား"

"ဟင်"

မျိုးမြတ်မြတ် ရင်ထိတ်သွားသည်။ သမီးလေးကို သူ့အဖေအကြောင်းတစ်ခါမှမပြောခဲ့သလို ... သူတို့အကြောင်းကိုသိသည့် အလုပ်သမားအများစုအိမ်မှာမရှိတော့ ...

ဒေါ်နန်းထူးနှင့် ဖိုးတုတ်တို့သာရှိပြီး ကျန်လူများမှာ လူသစ်များဖြစ်ကြသည်။

ဒေါ်နန်းထူးနှင့် ဖိုးတုတ်ကအသေသာခံသွားမည် ဒီအကြောင်းရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကိုပြောမှာမဟုတ်။

"မေမေ သူ့ကိုအပြင်ထွက်ခိုင်းပါ သမီးကြောက်လွန်းလို့ပါ သူကလေ သမီးကိုသတ်ခဲ့တာ"

"ဟင် ... ဘယ်လို"

မျိုးမြတ်မြတ်စိတ်ဝင်စားမှုက ပိုလာသည်။ သမီးလေးကလည်း သူ့ကို ဇာင်းကျပ်စွာဖက်၍ မျက်စိကိုစုံမှိတ်ထား၏။

"သမီးကို သူကသတ်ခဲ့တာ ဟုတ်လား"

"ဝါး ... ဝါး"

မျိုးမြတ်မြတ်ဆက်မေးသော်လည်း သမီးလေးကမဖြေရှာ ငိုမြဲငိုလို့နေသည်။ မျိုးမြတ်မြတ်လည်း ခင်ပွန်းကိုမန္တီးရက်တာကြောင့် သမီးလေးကိုချီ၍ အခန်းအပြင်သို့ထွက်လာသည်။

"သမီး မေမေတို့ ဟိုဘက်အခန်းမှာ သွားအိပ်ကြမယ်နော်"

သမီးလေးရဲ့ငိုသံက တဖြည်းဖြည်းလျော့လို့သွားသည်။ တစ်ဖက်ခန်းတွင်လည်း ခေါင်းအုံး၊ စောင်၊ မွေ့ရာက အဆင်သင့်ရှိတာကြောင့် အလွယ်တကူဝင်၍ အိပ်လိုက်သည်။

သမီးလေးကလည်း မျိုးမြတ်မြတ် ရင်ခွင်ထဲမှာ အိပ်ပျော်လို့သွားသည်။

ဖအေကို တစ်ခါမှ မမြင်ဘူးသည့်သမီးလေးက ထူးထူးဆန်းဆန်းစကားတွေ ပြောနေပြန်သည်။

ခင်ပွန်းကို သူ့အဖေဟု ဘယ်လိုပြောရမှန်းမသိအောင် ဖြစ်လို့နေသည်။

◆◆◆



သီဟဇော်က အိပ်ရာကနိုးတော့ သူ့ဘေးကိုကြည့်လိုက်ရာ ဇနီးသည်နှင့်ကလေးကိုမတွေ့သဖြင့် စောစောနိုး၍ထသွားပြီထင်သဖြင့် ရေချိုးခန်းထဲဝင်ခန္ဓာကိုယ်ကို သန့်ရှင်းကာ မျက်နှာပေါ်တွင်ပေါက်နေသည့် အမွေးအမျှင်များကို ရိပ်လိုက်သည်။ လူလည်း လန်းလန်းဆန်းဆန်းဖြစ်တော့ ရေချိုးခန်းအပြင်သို့ထွက်လာပြီး အဝတ်အစားကို သေသေသပ်သပ်ဝတ်လိုက်၏။

မှန်ထဲ၌ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်ပြီး ပြုံးလိုက်သည်။

သီဟဇော်ဟာ အရင်သီဟဇော်ပါပဲ လုပချောမောခန့်ညားဆဲ အမျိုးသမီးများရဲ့စိတ်ကူးအိပ်မက်ထဲမှာ သူဟာရှင်ဘုရင်တစ်ပါးဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း ...

"ကို နိုးတောင်နိုးနေပြီပဲ"

မျိုးမြတ်မြတ်က အခန်းတံခါးတွန်း၍ ဝင်လာကာ သီဟဇော်အားပြောလိုက်၏။

"မျိုးတို့ သားအမိအစောကြီးနိုးကြတာလား"

"ညထဲက အခန်းပြောင်းအိပ်ကြတာ ကို မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း''

သီဟဇော် အံ့သြစွာခေါင်းခါလိုက်သည်။

''ကိုသမီးလေ ကို့ကို တစ်ခါမှမမြင်ဘူးတော့ ကြောက်တယ် ကြောက်ဘယ်နဲ့အော်နေတယ်''

''ဟင် ... ဟုတ်လား''

''အခုလည်း ကို့ကိုလာနှုးဖို့ခေါ်တာ ဘယ်လိုမှမရဘူး၊ စန္ဒယားတီး အခန်းထဲမှာဝင်နေတယ်''

''သမီးက ကိုယ့်ကိုစိမ်းနေတာပါ။ နောက်ဆိုမျိုးထက်တောင် ကိုယ့် ပိုချစ်ဦးမယ်''

မျိုးမြတ်မြတ် သမီးလေး သူ့ကိုပြောတဲ့အကြောင်းကို ဆက်မပြော ဘဲ ငြိမ်၍နေလိုက်သည်။

''ကို ... ကော်ဖီသောက်ရအောင်''

''အေး''

သူတို့နှစ်ယောက် အခန်းထဲကထွက်၍ ထမင်းစားခန်းဆီသို့လျှော လာကြသည်။

ထမင်းစားခန်းထဲတွင် အိမ်မှအလုပ်သမားများတန်းစီ၍ ရပ်နေကြ မျိုးမြတ်မြတ်က ...

''ကို့ ... ကိုမိတ်ဆက်ပေးမလို့ သူတို့ကိုခေါ်ထားတာ''

''ကောင်းတာပေါ့ ဒီအိမ်မှာကိုယ့်ကို သိတာဆိုလို့ ဒေါ်နန်းထု ဖိုးတုတ်ပဲကျန်တော့တယ်''

ထမင်းစား စားပွဲတွင်ရပ်နေသူများကို သီဟဇော်နှင့်တစ်ယောက် မိတ်ဆက်ပေးသည်။

''သူက ဒရိုင်ဘာကိုအောင်ကြီး၊ သူ့ဘေးက အိမ်အကူမိထွေး သူ





နှစ်ယောက်လင်မယားပေါ့၊ ဟိုဘက်က ယာကွက်ခြံအလုပ်လုပ်တယ်၊ သူ့ကနီလာ အိမ်အကူပဲ နီလာဘေးက ဒေါ်ပုံဆိုး သမီးလေးကိုထိန်းတာလေ ဖိုးတုတ်နဲ့ ဒေါ်နန်းထူးကတော့ ကိုသိနေတာ မိတ်မဆက်ပေးတော့ဘူး''

မျိုးမြတ်မြတ်က သီဟဇော်ကိုလက်ညှိုးထိုးကာ ...

''ကိုယ်က မျိုးရဲ့ခင်ပွန်းပါ၊ သမီးလေး သွန်းရတီရဲ့အဖေဆိုပါတော့ အားလုံးမှတ်ထားကြပါ''

''ဟုတ်ကဲ့''

အားလုံးကခေါင်းညိတ်ကာ အရိုအသေပေးလိုက်ကြသည်။ မျိုးမြတ် မြတ်က ...

''အားလုံးသွားလို့ရပါပြီ''

ပြောလိုက်ရာ ဒေါ်နန်းထူးမှလွဲ၍ ကျန်လူအားလုံးအခန်းထဲမှထွက်သွား ကြ၏။

ဒေါ်နန်းထူးက ကော်ဖီခွက်များကိုငှဲ့ပေးရင်း ...

''မောင်သီဟ သမီးလေးနဲ့ စကားပြောပြီးပြီလား''

''မပြောရသေးဘူး ဒေါ်နန်းထူး ညကလည်း သမီးလေးကအစောကြီး အိပ်နေတယ် အခုလည်း စန္ဒယားခန်းထဲမှာလို့ မျိုးကပြောတယ်''

သီဟဇော်ကဖြေပြီး ကော်ဖီကိုတစ်ငုံသောက်လိုက်သည်။

''သမီးလေးသွန်းက လူဝင်စား၊ စန္ဒယားကို မျိုးတီးတာကိုနားထောင်ပြီး တာနဲ့ သူတက်တီးရင် အကွက်ကိုကျနေတာပဲ''

ဒေါ်နန်းသူပြောတာကို မျိုးမြတ်မြတ်က မျက်လုံးလှန်ကြည့်၍ မပြော စေချင်သည့်ပုံစံဖြင့် မျက်ရိပ်ပြလိုက်ရာ ဒေါ်နန်းထူးပါးစပ်ပိတ်သွားသည်။ သို့သော် သီဟဇော်က ...

''လူဝင်စား ဟုတ်လား ဒေါ်နန်းထူး ဘယ်လိုသိလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ _ ဟို"

ဒေါ်နန်းထူး စကားသံထစ်လို့သွားပြီး မျိုးမြတ်မြတ်ကိုလှမ်းကြည့်လိုက်သည်။

"ကိုရယ် သမီးလေးကစကားတတ်တာကို ဒေါ်နန်းထူးကတစ်မျိုးထင်တာပါ စန္ဒယားတီးတာကလည်း မျိုးသင်ပေးထားတာလေ"

"ဪ"

သီဟဇော်လည်း ဘာမှမပြောတော့ဘဲ ငြိမ်၍ကော်ဖီကိုသောက်လို့သာနေတော့သည်။

◆◆◆



အခန်း (၃)

လှူဝင်စား

"သမီးရေ _ သမီးလေး"

သီဟဇော်အခန်းတံခါးအပြင်မှ လှမ်းခေါ်သော်လည်း အထဲကပြန်ထူးသံကိုမကြားရ၍ ဇနီးသည်မျိုးမြတ်မြတ်၏ မျက်နှာကိုကြည့်လိုက်သည်။

"မျိုး ... ခေါ်ကြည့်လိုက်မယ် ကို"

မျိုးမြတ်မြတ်ကပြော၍ တံခါးအဝမှနေ၍ ...

"သမီးလေးသွန်း တံခါးဖွင့်ပါဦး"

အော်လိုက်ရာ အထဲမှာ သွန်းရတီက ...

"မေမေ ... မီး ... ဟိုလူကြီးကိုကြောက်တယ်"

"မကြောက်ပါနဲ့ သမီးလေးရယ် _ အဲဒီလူကြီးက သမီးဖေဖေလေ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

သွန်းရတီကိုထိန်းသော ဒေါ်ပုံဆိုးလျှောက်လာတာကိုမြင်၍ မျိုးမြတ်မြတ်က ...



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်ပုံဆိုး သမီးလေးကိုခေါ်ပါဦး''

''အင်း''

ဒေါ်ပုံဆိုးကခေါင်းညိတ်ပြကာ အခန်းဝမှနေ၍ ...

''သမီးသွန်း ဒေါ်ပုံဆိုးကို တံခါးဖွင့်ပါ''

''ဟိုလူကြီးရှိသေးလား''

အထဲမှပြန်မေးလိုက်ရာ ဒေါ်ပုံဆိုးက ...

''မရှိတော့ဘူး သမီးရဲ့ ဒေါ်ပုံဆိုးနဲ့အတူဆော့ရအောင်''

''ဟိုလူကြီး တကယ်မရှိဘူးနော်''

''အေးပါ''

ဒေါ်ပုံဆိုးနှင့် သမီးလေးသွန်းတို့ အပြန်အလှန်ပြောဆိုနေကြတာကို မျိုးမြတ်မြတ်က သဘောပေါက်စွာနှင့် သီဟဇော်လက်မောင်းကိုကိုင်ကာ အိမ်ရှေ့ ဧည့်ခန်းသို့ထွက်လာခဲ့သည်။

''ချက်ချင်းကြီးတော့ အဆင်ပြေနိုင်မယ်မထင်ဘူးကို သမီးလေးကို ဖြည်းဖြည်းပြောရမှာပေါ့''

''အင်း''

သီဟဇော်က စိတ်မကောင်းစွာ ခေါင်းညိတ်ပြလိုက်သည်။ မျိုးမြတ်မြတ် က သီဟဇော်စိတ်ပြောင်းစေရန် ...

''ကို မရှိတုန်း လုပ်ငန်းတွေကို ကိုမျိုးဝင်းလုပ်ပေးထားတယ်၊ အခြေ အနေကောင်းပါတယ် ကိုမျိုးဝင်းက ကိုမရှိတော့ အလုပ်ကိုပိုပြီးကြိုးစားတယ် လေ ...

အခုတောင် မွေးမြူရေးကိုဆက်လုပ်မယ်ပြောနေတယ်''

''ကောင်းပါတယ် ကိုမျိုးဝင်းက အရာရာစိတ်ချရတဲ့လူပဲ သူကောင်း မယ်ထင်လို့လုပ်တာ 'ကို'တို့ကလိုက်လျောရမှာပေါ့ ... စက်ရုံက အခြေအနေ





ကောင်းရဲ့လား''

''ကောင်းတာပေါ့ တံဆိပ်နောက်တစ်မျိုးနဲ့တောင်ထပ်ထုတ်နေတယ်''

သီဟဇော်တို့မှာ နွားမွေးမြူရေးခြံများနှင့် နို့ဆီချက်စက်ရုံရှိကာ လုပ်ငန်း လွန်စွာအောင်မြင်နေသူများလည်းဖြစ်သည်။

''ရှုပ် ... ရှုပ် ... ''

ထိုစဉ် ခြေသံကြား၍ နောက်သို့လှည့်ကြည့်လိုက်ရာ ...

''သမီးလေး''

ဆံပင်ဖရိုဖရဲနှင့်သွန်းရတီက ဂါဝန်ဖြူလေးကိုဝတ်ကာ သီဟဇော်ကို စိုက်ကြည့်နေသည်။

မျိုးမြတ်မြတ်က ...

''သမီလေး ... လာလေ''

ပြောသော်လည်း လှုပ်တောင်မလှုပ်တဲ့ သီဟဇော်ကိုစိုက်ကြည့်မြဲ ကြည့် နေ၏။ သီဟဇော်စိတ်ထဲက ကြက်သီးထသွားသည်။ သမီးလေးကြည့်နေသည့်ပုံ က ပုံမှန်မကျ မျိုးမြတ်မြတ်ကထ၍ သမီးလေးကိုချီလိုက်သည်။

''သမီးက ဘာလို့ သမီးဖေဖေကိုကြောက်နေတာလဲ မေမေကိုပြော''

''သူ ... သူ သမီးကိုသတ်တယ်''

''ဟင်''

စကားကိုတစ်လုံးချင်းပြောသည်။ မျိုးမြတ်မြတ်က ...

''သမီးဖေဖေက ဟိုးအဝေးကြီးကိုသွားနေတာ _ သမီးကိုယ်ဝန်စဉ်ကို ထဲကသွားနေတာ သမီးကိုတယ်လိုသတ်မှာလဲ''

''မေမေ ဘာသိလို့လဲ သူကလေ သမီးကိုလှေကားပေါ်ကတွန်းချတာ''

''ဟင်''

မျိုးမြတ်မြတ်မအံ့သြဘဲ မနေနိုင်တော့။ သီဟဇော်မျက်နှာကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်လိုက်ရာ သီသာစွာမျက်နှာပျက်နေသည်။ သီဟဇော် ဆုံးဖြတ်ချက်ချလိုက်သူက ...

"မျိုး ... လောလောဆယ်အခြေအနေမှာ သမီးကို ဘာမှပြောလို့ရမှာ မဟုတ်သေးဘူး၊ နောက်တော့ တဖြည်းဖြည်းစည်းရုံးရမှာပေါ့"

"ဟုတ်ပါတယ် ကိုရယ်"

သီဟဇော်စကားကို မျိုးမြတ်မြတ်က ထောက်ခံလိုက်သည်။

"ကို စက်ရုံသွားလိုက်ဦးမယ် သမီး ဖေဖေအပြင်သွားဦးမယ်"

မျိုးမြတ်မြတ်ကခေါင်းညိတ်သော်လည်း သမီးလေးကဘာမှမပြော သီဟဇော်လည်း အိမ်ထဲမှထွက်လာကာ ကားကိုဒေါင်မှကားကိုထုတ်၍ မောင်းထွက်လာသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူမိသားစုနှင့်ကင်းကွာခဲ့တာ ခုဆိုငါးနှစ်နီးပါးပင်ရှိတော့မည်။

သမီးလေးက သိတတ်စအရွယ်ထဲက သူ့အနားမှာမရှိခဲ့လို့လည်း အခုလိုစိမ်းနေတာဖြစ်မည်ဟုတွေး၏။

ထူးဆန်းတာက သမီးလေးကသူ့ကို ပစ်ပစ်ခါခါဖြစ်နေခြင်းပင်ဖြစ်သည်။ ပြီးတော့ သူက သမီးလေးကိုသတ်တာတဲ့ လုံးဝအခဲမကျေသည့် ပုံသဏ္ဍာန်က သမီးလေးမျက်နှာမှာ ထင်းလို့နေသည်။ အခုလိုအရွယ်လေးနှင့် စန္ဒယားတီးတတ်သည်လို့ပြောကာ လူဝင်စားဆိုတော့ ...

သီဟဇော်မျက်လုံးထဲမြင်လာသည့် ပုံရိပ်တစ်ခုကို ဖျောက်ပစ်ဖို့ကြိုးစားလိုက်လေသည်။

•◆•

ရဲရင့်အောင်စာပေ

အခန်း (၄)

ပြန်လာတဲ့ ဘဝ

"ဒါမျိုးကဖြစ်တတ်ပါတယ် ဒါပေမယ့် ပြီးခဲ့တာတွေမေ့ထားလိုက်ပါကွာ အခုဘဝမှာ သူက မင်းရဲ့သမီးလေးဖြစ်နေပြီလေ"

မျိုးဝင်းက သီဟဇော်ကိုဖျောင်းဖျပြောဆိုပေမယ့် သီဟဇော်စိတ်ထဲမှာ ဘဝင်မကျလှ ...

"ငါ့သမီးက ငါ့ကိုအတော်စိမ်းနေတာ မျိုးဝင်းရ ပိုဆိုးတာက ငါ့ကို ကြောက်တယ်လို့ပြောနေတာပဲ"

"ငါထင်တာကိုပြောမယ် သီဟ"

"ပြောလေ"

"သွန်းရတီရဲ့ စိတ်ကပုံမှန်မဟုတ်ဘူး သူ့ကိုအရိပ်တစ်ခုခု ဒါမှမဟုတ် ဥာဉ်တစ်ခုခုကလွှမ်းမိုးနေသလိုပဲ"

သေချာရှင်းပြနေတဲ့ မျိုးဝင်းကို သီဟဇော်က စိုက်ကြည့်လိုက်သည်။

"မျိုး ... ငါ့ကိုဘာမှမပြောဘူး"

"မင်းပြန်ရောက်တာ ဘာကြာသေးလို့လဲ ရောက်ရောက်ချင်း မပြောနဲ့



www.burmeseclassic.com

www.burmeseclassic.com



သေသွင့်နေရာပေါ့''

''မင်း သိသလောက်ဆက်ပါဦး''

သီဟဇော်က မျိုးဝင်းစကားကို ထောက်ပေးလိုက်ရာ ...

''ဥပမာကွာ လေးနှစ်ဝန်းကျင်ကလေးတစ်ယောက်က အင်မတန် ခက်ခဲတယ်ဆိုတဲ့ စန္ဒယားလက်ကွက်တွေကို တီးတတ်ပါ့မလား ...

ခုလည်း သူ့ကိုမင်းကလေ့ကားပေါ်ကတွန်းချပြီး သတ်တာလို့ပြောနေတယ်ဆို အနေဝေးလို့တယ်လောက်ပဲစိမ်းနေပါစေ သွေးကစကားပြောပါတယ်ကွာ''

''ငါဘယ်လိုမှ နားမလည်နိုင်ဘူးမျိုးဝင်း ငါ့မိသားစုအပေါ် ငါဘယ်လောက်ခင်တွယ်တယ် မျှော်လင့်ထားတယ်ဆိုတာ မင်းသိပါတယ် ...

ခုတော့ကွာ ငါထင်ထားတာတွေ တွေးထားတာတွေနဲ့တခြားဆီပဲ''

သီဟဇော် ရင်ထဲကမချိတင်ကဲ ထွက်လာသည့်စကားမှန်း မျိုးဝင်း သိသည်။

''အချိန်တစ်ခုကိုစောင့်ကြည့်ပါဦး သူငယ်ချင်းရယ် မင်းမှာလည်း ကိုယ်ဖန်တီးလို့ဖြစ်တဲ့ ဒုက္ခတွေမဟုတ်ဘဲ သူများကြောင့်ဖြစ်ရတဲ့ ဒုက္ခတွေနဲ့ အမြဲအကျိုးပေးနေတာ''

''ဟုတ်တယ်ကွာ ... အခု ငါ့သမီးလေး ငါ့အပေါ် ဘယ်လိုပဲသဘောထားထား ငါကတော့မေတ္တာမပျက်ပါဘူး''

''မိဘဆိုတာ ဒါပေါ့ကွာ''

မျိုးဝင်းကဖြေသိမ့်ပေးရင်း စားပွဲပေါ်တင်ထားသည့် လယ်ဂျာစာအုပ်တစ်အုပ်ကို သီဟဇော်အားလှမ်းပေးရင်း ...

''နှစ်ချုပ်စာရင်းတွေ ကြည့်ဖို့ယူသွားလေ''

''ရတယ် ... နောက်မှပဲကြည့်တော့မယ် ... ငါတို့အလုပ်တွေကို





ရှေ့တာစိုက်လုပ်ပေးတဲ့အတွက် ကျေးဇူးတင်တယ်မျိုးဝင်း''

''ပြောရမယ့်လူတွေမှမဟုတ်တာကွာ အလုပ်ကိုလည်းနောက်မှ အေးအေးဆေးဆေးလာခဲ့ အခုချိန်မှာ မိသားစုအတွက် အချိန်ပေးတာက အကောင်းဆုံးပဲ သီဟ''

''အေးပါ ... ငါနားလည်ပါတယ်''

ပြော၍ စက်ရုံရုံးခန်းမှထွက်လာရာ မျိုးဝင်းကသီဟဇော်ကားထားရာဆီသို့ လိုက်ပို့ပေးသည်။

''သမီးလေး သွန်းရတီကိုသေချာစောင့်ရှောက်နော် သီဟ''

''အေးပါကွာ''

သီဟဇော်လည်း ကားစက်ကိုနှိုးကာ စက်ရုံထဲမှမောင်းထွက်လာခဲ့တော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

“ဟင်”

သီဟဇော်အိမ်ထဲဝင်လာတော့ ကြားလိုက်ရသည့် စန္ဒယားသံကြောင့် လန့်လို့သွားသည်။

အိမ်နောက်ဘက်မှထွက်လာသည့် ဒေါ်နန်းထူးအား ...

“ဒေါ်နန်းထူး စန္ဒယားဘယ်သူတီးနေတာလဲ”

သီဟဇော်မေးလိုက်ရာ ...

“ဟို ... သွန်း ... သွန်းရတီ တီးနေတာပါ”

“ဘာ ... ဒီအရွယ်လေးနဲ့ စန္ဒယားကိုဒီလောက်တီးတတ်လို့လာ မျိုးဘယ်သွားလဲ”

“ရှိတယ် သွန်းရတီ စန္ဒယားတီးနေတဲ့နားမှာ”

“အင်း”

သီဟဇော်ခေါင်းညိတ်ကာ စန္ဒယားတီးနေသည့်အခန်းဆီသို့ ခြေလှမ်း ကျဲကျဲနှင့်လျှောက်လို့လာသည်။

အခန်းတံခါးက အဆင်သင့်ဖွင့်ထားတာကြောင့် အခန်းထဲသို့ဝင်





သာတာကို စန္ဒယားတီးနေသည့် သွန်းရတီနှင့်ဘေးမှာထိုင်နေသည့် မျိုးမြတ်မြတ် တို့ သတိမထားမိကြ။

သမီးလေးသွန်းရတီတီးသည့်လက်ချောင်းလေးများကိုကြည့်ကာ အံ့သြမိ၏။

လက်ချောင်းလေးတွေရဲ့ အရွေ့အသွားမှာ ဝါရင့်စန္ဒယားတီးတစ် ယောက်လို ကျွမ်းကျင်လှသည်။

သံစဉ်တွေက အလူးအလိမ့် အတက်အကျမှန်ကန်စွာနှင့် တီးလာရင်း သံကတဖြည်းဖြည်းလျော့ကာ အဆုံးသတ်သွားသည်။

“ဖြောင်း ... ဖြောင်း ... ဖြောင်း”

သီဟဇော်က လက်ခုပ်သံကို တစ်ချက်တီးလိုက်ရာ မျိုးမြတ်မြတ်နှင့် သွန်းရတီတို့က သီဟဇော်ကို တစ်ပြိုင်နက်ဝိုင်းကြည့်လိုက်၏။

“ကောင်းလိုက်တဲ့ စန္ဒယားလက်သံ တကယ်ကိုကောင်းတာ”

“ကို ရောက်တာကြာပြီလား”

“သိပ်မကြာသေးဘူး မျိုး”

သမီးလေး သွန်းရတီကစန္ဒယား ခလုတ်များကိုသာစိုက်ကြည့်၍နေ သည်။

“သမီး ဖေဖေ့ကိုသီချင်းတစ်ပုဒ်လောက် ထပ်တီးပြပါလား”

သမီးလေးကခေါင်းကိုစောင်း၍ သီဟဇော်ကိုလှည့်ကြည့်လိုက်ရာ ကြည့်သည့်ပုံစံက အလိုမကျသည့် ပုံဖြစ်နေတာကြောင့် သီဟဇော်လန့်လို့သွား သည်။

မျိုးမြတ်မြတ်က ...

“သမီးတီးမပြချင်လည်း မတီးနဲ့လေ”

“တီးမယ်”



www.burmeseclassic.com

www.burmeseclassic.com



အသံပြတ်ပြတ်နှင့်ပြော၍ စန္ဒယားခလုတ်များကို အသံစမ်းလိုက်သည်။

သံစဉ်တို့က စောစောကတီးသလို ညင်သာခြင်းမရှိဘဲ ကြမ်းတမ်းလွန်းလှသည်။ သီဟဇော်နှင့် မျိုးမြတ်မြတ်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သံစဉ်ပြင်းပြင်းတို့မညီမညာ ဦးတည်ရာမဲ့ထွက်လို့လာရာ ဘယ်လိုမှ နားထောင်မကောင်းတော့ ...

''ဟင်း''

သီဟဇော်က သက်ပြင်းကိုချကာ ခြေတစ်လှမ်းချင်းနှင့် အခန်းအပြင်သို့ထွက်လာခဲ့တော့သည်။

•◆•



ဖခင်ကိုသတ်ရန် သခီးဂဏ္ဍာခန်းထဲဝင်လာပြီး
ဓားကိုင်ထားသည့်လက်ကိုမြှောက်လိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### ဘတ်ဗယ်

သမီးလေးကို အခန်းထဲတယ်လိုမှခေါ်သိပ်လို့ မရတာကြောင့် သီဟဇော် နှင့် မျိုးမြတ်မြတ်တို့သာ အခန်းထဲမှာအိပ်ကြပြီး သွန်းရတီက ဒေါ်ပုံဆိုးကို ၍ ဘေးအခန်းတွင်အိပ်သည်။

"ကို ... သမီးလေးကြောင့်စိတ်ညစ်နေတာလား ဟင်"

အိပ်မပျော်နိုင်သေးဘဲ နဖူးပေါ်လက်တင်ကာ စဉ်းစားနေသော သီဟဇော်အား မျိုးမြတ်မြတ်ကမေးသည်။

"စိတ်ညစ်တာမဟုတ်ဘူး မျိုး ... ကို အံ့သြနေတာ၊ သမီးလေးရဲ့ ပြောပုံဆိုပုံနဲ့ စန္ဒယားတီးပုံတွေဟာ ... "

"အို ... တော်ပါတော့ ကို"

မျိုးမြတ်မြတ်က သီဟဇော်ပါးစပ်ကိုပိတ်လိုက်သည်။ သီဟဇော် ဘာမှဆက်မပြောတော့ဘဲ သက်ပြင်းကိုသာအကြိမ်ကြိမ်ချမိလေသည်။

ညဉ့်ကတဖြည်းဖြည်းနက်လာသော်လည်း သီဟဇော်အိပ်မပျော်နိုင်သေး ဘဲ ဟိုတွေးဒီတွေးလုပ်နေသည်။





သူ့ဘေးမှာအိပ်နေသည့် ဇနီးသည်ကတော့ နှစ်ခြိုက်စွာအိပ်မော ကျလို့နေ၏။

"ရှပ် ... ရှပ် ... ရှပ်"

"ဟင်"

ဖြည်းဖြည်းလျှောက်လာသည့် ခြေသံကိုကြားလိုက်ရ၍ အသာခေါင်း ထောင်၍ နားထောင်လိုက်သည်။

အသံက အခန်းအပြင်ဘက်ကထွက်လာသည့် အသံဟုသီဟဇော်ထင် သည်။ ညအမှောင်ထဲက အခန်းမီးရောင်ပြာပြာအောက်မှာ သီဟဇော် အသာ ငြိမ်နေလိုက်သည်။

"ကျွီ ... "

အခန်းတံခါး အသာအယာဖွင့်လို့သွားသဖြင့် သီဟဇော်လှမ်းကြည့် လိုက်ရာ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့်အံ့သြလို့သွားသည်။

"ဟင် ... သ ... သမီးလေး"

ပါးစပ်ကအသံထွက်မလာအောင် အရှိန်ကိုသတ်လိုက်ရသည်၊ သွန်းရတီ ၏ လက်တစ်ဖက်၌ ဓားတစ်ချောင်းကို ကိုင်ထားသည်။ ဆံပင်တို့ကလည်း ဖွာလန်ကျဲ ပေါ်ဝဲကျကာ ခြေတစ်လှမ်းချင်း ခုတင်နားသို့လျှောက်လို့လာသည်။

သီဟဇော်သိလိုက်ပြီ သမီးက သူ့ကိုသတ်ဖို့လာတာ သူဆုံးဖြတ်ချက် တစ်ခုကို အလျင်အမြန်ချလိုက်သည်။

သူထ၍ သမီးလေးကိုပြောလိုက်လျှင် လန့်သွားမှာစိုးတာကြောင့် စောင် ခြုံ၍အသာငြိမ်နေလိုက်သည်။

သွန်းရတီက တဖြည်းဖြည်းရှေ့သို့တိုးလာကာ သီဟဇော်ဘေးသို့ရောက် သော် ဓားကိုလက်နှစ်ဖက်နှင့်ကိုင်မြှောက်၍ စိုက်ချလိုက်သည်။

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



သီဟာဇော်၏လက်မောင်းကို အချိန်အဆမတည့်စွာ စိုက်လို့သွားသည်။ သွန်းရတီက ကြောင်၍ကြည့်နေပြီးမှ ...

"အား"

ငယ်သံပါအောင် ထ၍အော်လိုက်လေသည်။

"ဟင် ... ဘာလဲ ... ဘာဖြစ်တာလဲ"

မျိုးမြတ်မြတ်နိုးလာကာ ထထိုင်၍ကြည့်ရာ သမီးသွန်းရတီအခန်းထဲ ရောက်နေပြီး ကြုံး၍အော်နေတာကို အံ့ဩစွာတွေ့ရသလို ခင်ပွန်းဖြစ်သူ သီဟာဇော်လက်မောင်းတွင် သွေးတချို့ထွက်နေသည်ကိုမြင်ရသော အခါ ...

"ကို ... ဘာ ... ဘာဖြစ်ကြတာလဲ"

သီဟာဇော်ကမဖြေ ဒဏ်ရာရထားသည့် လက်မောင်းပေါ်မှသွေးတိတ် စေရန် ညှစ်လို့သာထားသည်။

မျိုးမြတ်မြတ်က အခန်းမီးခလုတ်ကိုဖွင့်လိုက်၏။

"သမီး ... ဘယ်လိုလုပ်တာလဲ ဒါသမီးဖေဖေလေ"

မျိုးမြတ်မြတ်က အခြေအနေကိုသဘောပေါက်လိုက်သဖြင့် ပြောလိုက်ရာ သွန်းရတီက ...

"မဟုတ်ဘူး ... မဟုတ်ဘူး ... ဝါး ... ဝါး"

အော်၍ငိုလေတော့သည်။

"ကို ... ဒဏ်ရာအတော်များလား ဆေးထည့်ရအောင် ... ဒါမှ မဟုတ် ဆရာဝန်ခေါ်လိုက်မယ်"

"ရတယ်မျိုး မများဘူး ... ရုပ်ထိရုံလေးပါ သမီးကိုလည်းဆူမနေနဲ့ ချော့လိုက်"

သီဟာဇော်က အိပ်ရာမှထ၍ အခန်းနံရံစင်ပေါ်မှ ပတ်တီးကိုယူ၍ သူ့လက်ကိုသွေးတိတ်စေရန် ခပ်တင်းတင်းစည်းထားလိုက်၏။





မျိုးမြတ်မြတ်က ခုတင်ပေါ်၌ရှိနေသည့် သွေးစွန်းသည့်ဓားကိုကိုင်ကာ

"ကဲ ... သမီးပြောစမ်း ဘာလို့ကိုယ့်အဖေကို ဓားနဲ့ထိုးတာလဲ အခက်မသင့်ရင်သေနိုင်တယ်ဆိုတာ မသိဘူးလား"

"ဟီး ... ဟီး"

သွန်းရတီက ငိုမြဲငိုလို့သာနေ၏။

"ငါ တကယ်စိတ်ညစ်တယ်သွန်း ... သွန်းဘာတွေဖြစ်နေလဲ ဖအေကိုဖအေမှန်းမသိ ရောက်တဲ့ညတည်းက အမျိုးမျိုးရန်ရှာနေတာပဲ"

"မီး သူ့ကိုမသတ်ရင် သူကသမီးကိုသတ်မှာ"

"ဘာ"

သွန်းရတီကငိုရင်းပြောတာကို မျိုးမြတ်မြတ်ကဒေါသထွက်ပြီး အော လိုက်သည်။ သွန်းရတီလည်း ကြောက်၍အငိုရပ်သွားသော်လည်း ရှိုက်၍နေသည်

"ဘယ်ဖအေကမှ ကိုယ့်သားသမီးကိုမသတ်ဘူး၊ အခု သွန်းကဖအေ အိပ်နေတုန်း ဓားနဲ့ထိုးတယ် ကံကောင်းလို့ပေါ့ ရင်ဝတည့်တည့်သာ ထိုး သေနေပြီ"

မျိုးမြတ်မြတ်ကပြောလည်းပြော သူကိုယ်တိုင်လည်းငိုလို့နေသည် သီဟာဇော်က ဒဏ်ရာကို ကိုယ်တိုင်ပတ်တီးစည်း၍ ခုတင်နားသို့လျှောက် ပြီး ...

"သမီးကိုဆူမနေနဲ့မျိုး ... သူကမစဉ်းစားတတ်သေးလို့ပါ ... လည်းတိတ် လာဒီမှာအိပ်ကြမယ်"

သီဟာဇော်က သမီးလေးရဲ့စကားကို ပွတ်ကာပြောတော့ မျိုးမြတ်မြတ်

"ဖြစ်ပါ့မလား ကို၊ ကိုအိပ်မောကျနေတုန်း ဓားနဲ့ထထိုးရင် ဘယ် လုပ်မလဲ"

"သမီး ဖေဖေကို ဓားနဲ့ထိုးဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



သီဟာဇော် ရယ်မောရှုံ့မေးလိုက်ရာ သွန်းရတီကမျက်ရည်တွေကြားက ခပ်ငြင်ငြင်ပြုံးသည်။

"အေး စိတ်ထဲမှာ ဟိုတွေးဒီတွေး တွေးမနေနဲ့ ဘုရားရှစ်ခိုးပြီးအိပ်"

"အင်း"

သွန်းရတီက ခေါင်းညိတ်ပြရာ သီဟာဇော်က ခုတင်ပေါ်သို့ ချီ၍တင်လိုက်သည်။ ထို့နောက် —

သီဟာဇော်နှင့် မျိုးမြတ်မြတ်နှစ်ယောက်ကြား၌ သွန်းရတီကဝင်အိပ်လိုက်သည်။

"ကို ဒဏ်ရာသက်သာရဲ့လား"

"ရတယ်မျိုး ဘာမှမဖြစ်ဘူး သမီးလေးက အိပ်မက်တွေမက်ပြီး ယောင်တာနေမှာပါ ဟုတ်တယ်နော်သမီး"

"..."

သွန်းရတီက ဘာမှမဖြေပဲ အသံတိတ်ကာမျက်လုံးကိုမှိတ်၍ထားသည်။ မျိုးမြတ်မြတ်ကလည်း အခန်းမီးကိုထပိတ်လိုက်ရာ အခန်းက ညမီးသီးအရောင်သာရှိတော့သည်။

သိပ်မကြာခင်ပဲ သမီးလေးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

"အူး ... ဝူး ... အူး ... ဝူး"

သူတို့အိမ်ကြီးကိုကြည့်ကာ ထိုညတစ်ညလုံး ခွေးတွေက ရှူးရှူးဝါးဝါးကို အူကြသည်။

မျိုးမြတ်မြတ်ကလေသံတိုးတိုးနှင့် ...

"ခွေးတွေက ဘာလို့ဒီလောက်အူနေတာလဲ မသိဘူး"

"ခွေးပဲကွာ အူတာ ဘာဆန်းလို့လဲ အိပ်တော့စိတ်ထဲဘာမှတွေးမနေနဲ့"





သီဟာဇော်ပြောလိုက်ရာ မျိုးမြတ်မြတ်ကငြိမ်၍ အိပ်ပျော်ရန်သာကြိုး စားလိုက်တော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတို့ ဘုတ်ဂူတွေကြားကနေ
သူ့ကိုပြန်ပေးဟု . . .



အခန်း (၆)

## သချိုင်းသွားမယ်

နောက်ရက်တွေရောက်တော့ သွန်းရတီက သူ့အဖေသီဟဇော်အပေါ် ...င်ကလို ပစ်ပစ်ခါခါမဆက်ဆံတော့ အတန်သင့်ရင်းနှီးကာ ဆက်ဆံ ...သည်။

"ဖေဖေ ... မီးတို့အပြင်မှာကားလျှောက်စီးရအောင်"

"သမီးက ကားစီးချင်လို့လား"

"ဟုတ်"

သွန်းရတီက ခေါင်းညိတ်ပြသည်။

"ညနေကျရင် စီးကြမယ်နော် အခုဖေဖေစာရင်းတွေကြည့်နေတာ ...သေးလို့"

စာရင်းစာအုပ်ကိုကြည့်ကာပြောတဲ့ သီဟဇော်ကိုသွန်းရတီက မကျေ ...နပ် နှုတ်ခမ်းစူကာ . . .

"ဖေဖေ ကားလိုက်မမောင်းပေးရင် မီးဘာသာမောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ငါ့သမီးကတော့ ခုဆိုခုပဲ တော်တော်ခက်တယ် စိတ်ညစ်ပါတယ်"

"စိတ်ညစ်ရင်လည်း ကားလျှောက်မစီးတော့ဘူး စန္ဒယားပဲသွားတီးတော့မယ်"

သွန်းရတီက စိတ်ကောက်ပြလိုက်ရာ သီဟဇော်လည်းစာအုပ်များကို ဘေးသို့ချ၍ မတ်တတ်ထရပ်လိုက်၏။

"စိတ်တော့မကောက်ပါနဲ့ သမီးရယ်၊ ဖေဖေနဲ့ကားလျှောက်စီးမယ်"

"ဟေး … ဒါမှ မီးဖေဖေကွ"

ပြောကာ သီဟဇော်လက်ကိုတွဲ၍ အိမ်အပြင်သို့ထွက်လာခဲ့ကြသည်။ အနက်ရောင်ပြောင်လက်နေသည့် ပရာဒိုကားကြီး၏ခေါင်းခန်းတွင် သွန်းရတီက ထိုင်ကာ သီဟဇော်က ကားမောင်းသည့်နေရာ၌ ထိုင်၍မောင်းထွက်လာသည်။

"သမီးဘယ်သွားချင်လဲပြော"

"ထိန်ပင်ကုန်း"

"ဘာ"

သီဟဇော်က နားကြားလွဲသွားသည်ထင်၍ထပ်ပြီး …

"သမီး ဘယ်သွားချင်တာ"

"ဖေဖေကလည်း ထိန်ပင်ကုန်းသင်္ချိုင်းလေ အရင်သမီးအဲဒီမှာနေတာ အမေ့ကိုလိုက်ပို့ခိုင်းတာကြာပြီ မေမေက တစ်ခါမှလိုက်မပို့ဘူး"

ပြောတော့ သီဟဇော်က …

"တခြားနေရာတွေသွားဖို့ အများကြီးရှိတာပဲ သမီးရယ်၊ သင်္ချိုင်းကုန်းဆိုတာ ကြောက်စရာကြီးမသွားနဲ့နော်"

"ဟင့်အင်း သွားချင်တယ်"

သွန်းရတီက ဖွတ်တရွတ် အတင်းအကျပ်ကိုပြောလေသည်။





"ကဲ … ထားတော့ ဖေဖေလိုက်ပို့မယ်"

"ပြီးရော … "

သွန်းရတီရဲ့မျက်နှာလေးက ဝင်းပသွားသည်။ သီဟဇော်လည်း ကားကို သင်္ချိုင်းသွားသည့်လမ်းအတိုင်း ဦးတည်၍မောင်းလာ၏။ သမီးက သူ့ကို လိုက်လိုက်လျောလျောပြောတာ သိပ်ပင်မကြာသေးခင်မှာ သမီးလေးအပြုအပြင် ကိုသူမခံလို ထို့ကြောင့်လည်း သမီးလေးဖြစ်ချင်တာကို တတ်နိုင်သမျှလိုက်လျော မည်ဟု ဆုံးဖြတ်ထားသည်လေ …

"ဖေဖေက လမ်းမမှတ်မိဘူးသမီးရဲ့"

"မီးသိတယ် တည့်တည့်သာမောင်းရှေ့နားရောက်ရင် လမ်းချိုးတစ်ခု တွေ့လိမ့်မယ် ညာဘက်လမ်းအတိုင်းသွားရင်ရောက်ပြီ"

"ဟင်"

တစ်ခါမှမရောက်ဖူးသည့်သမီးက သင်္ချိုင်းသွားသည့်လမ်းကိုအတိအကျ ညွှန်နေသည်။ သီဟဇော်တစ်ယောက် အံ့သြတာကလွဲလျှင် ဘာမှမပြောနိုင်တော့ …

"ဆယ်မိနစ်လောက် မောင်းလိုက်ရင်ရောက်ပါပြီ ဖေဖေရဲ့"

သွန်းရတီက သီဟဇော်ကိုထပ်ပြောလိုက်သေးသည်။

"သမီး ရှေ့နှစ်ဆိုရင်ကျောင်းတက်ရတော့မယ်နော်"

"ကျောင်းမတက်ချင်ပါဘူး"

"ဘာလို့လဲ သမီးရဲ့"

"ကျောင်းတက်ရမှာပျင်းတယ် သမီးကစန္ဒယားတီးတဲ့ ဆရာမလုပ်မှာ"

"ဟင်"

သီဟဇော်အတွက် ဘယ်လိုမှထင်မထားသည့်အဖြေတစ်ခု သွန်းရတီ



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့သို့တည့်တည့်ကြည့်နေသည်။

စကားလည်းဆက်မပြောတော့ အလွန်အံ့သြစရာကောင်းလှအောင် ဧနွယားတီးကွက်များကိုတီးတတ်သူ စကားပြောလျှင်လည်း သွက်လက်စွာပြော ဘတ်သူ ... လောကသံသရာလည်နေတယ်ဆိုတာ သီဟဇော်ယုံရပြီလေ ...

ကားကသချိုင်းထဲဝင်လာတော့ စီးတန်းနေသည့်အုတ်ဂူများစွာက သချိုင်းထဲမှာရှိလို့နေသည်။

ကားကို သချိုင်းအတွင်းလမ်းဘေး၌ချရပ်ကာ သီဟဇော်ကားပေါ်မှ ဆင်းလာသည်။ သွန်းရတီက ကားတံခါးကိုအတင်းတွန်းဖွင့်နေသဖြင့် သီဟဇော် က ...

"ဖေဖေဖွင့်ပေးမယ်"

ပြော၍ ကားတံခါးကိုဖွင့်ကာ သွန်းရတီကို ကားအောက်သို့ ချလိုက် သည်။

"လာဖေဖေ ... သမီးအုတ်ဂူကိုသွားမယ်"

"ဘယ်လို သမီးရဲ့"

"လာပါ သမီးပြမယ်"

သွန်းရတီက သီဟဇော်လက်ကိုအတင်းဆွဲကာ အုတ်ဂူများရှိရာသို့ခေါ် လာသည်။

အုတ်ဂူများက အများအားဖြင့် အရွယ်အစားတူညီသလို အရောင် ကလည်းအဖြူရောင်ဆေးသုတ်ထားခြင့်ဖြစ်၏။ သွန်းရတီက အုတ်ဂူတစ်ခုဆီ သို့ တန်းမတ်စွာသွား၍ ဂူရှေ့၌မတ်တတ်ရပ်လိုက်သည်။

"သမီး ဘာလုပ်တာလဲ"

"ဒီဂူပဲ"

သွန်းရတီက အုတ်ဂူကိုမှုန်ကုပ်ကုပ်နှင့်ကြည့်နေရာ သီဟဇော်က





အုတ်ဂူပေါ်ရှိရေးထားသည့် ကဗ္ဗည်းကိုဖတ်ကြည့်လိုက်သည်။

"ထက်ဝင့်ကျော်"

"အသက် (၂၂) နှစ်"

"ဟင်"

သီဟဇော်လွန်စွာထိတ်လန့်သွားသဖြင့် ခြေလှမ်းတို့ကိုနောက်သို့ဆုပ် လိုက်သည်။

"သမီး ... ဒါ ... ဒါ"

"ဟုတ်တယ် ဖေဖေ အဲဒါ သမီးနေခဲ့တဲ့နေရာ"

"ဘာ ... ဘယ်လို"

သီဟဇော် အုတ်ဂူကိုတစ်လှည့် သူ့သမီးသွန်းရတီကိုတစ်လှည့်စီကြည့် နေသည်။

"သမီး ဒီထဲမှာနေတုန်းက အရမ်းမှောင်တာပဲ ကြောက်ဖို့လည်းကောင်း တယ် နောက်တော့အပြင်ရောက်သွားပြီးလျှောက်သွားတယ် ...

မေမေ့နောက်လိုက်လာရင်း မေမေနဲ့နေလိုက်တာ"

"သမီး ... မဟုတ်တာတွေမပြောရဘူးလေ"

သီဟဇော်ပြောသော်လည်း သွန်းရတီက ...

မီးတကယ်ပြောတာ မီးအသိတွေ ဒီမှာအများကြီးရှိတယ် သူတို့က သနားပါတယ် အစာမစားရဘူး"

သွန်းရတီက အုတ်ဂူများစွာကိုလက်ညှိုးထိုး၍ပြောသည်။ သီဟဇော် လည်း သွန်းရတီကိုချော့၍ ...

"ပြန်ရအောင်သမီးရယ် ... သမီးမေမေစောင့်နေတော့မယ် ကြာသို့ မကောင်းဘူး"

"ဖေဖေပြန်ချင်ပြန်လေ သမီးဒီမှာနေခဲ့မယ်၊ သမီးအသိတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောဦးမယ်''

''ဟာ ... ဘယ်ဖြစ်မလဲ သမီးတစ်ယောက်တည်း မနေခဲ့ရပါဘူး လာပါသမီးရယ်''

သီဟဇော်တယ်လိုပြောပြော သွန်းရတီကမရ ဖွတ်နေခဲ့မယ်လုပ်နေရာ သီဟဇော်က သွန်းရတီလက်ကိုဆွဲရန်ပြင်လိုက်စဉ် ...

''ဟော့ ... ကောင်လေး ကလေးကိုဘာလုပ်မလို့လဲ''

လှမ်းအော်လိုက်သည့် အမျိုးသမီးတစ်ဦး၏ အသံနှင့်အတူ အင်္ကျီပွပွကြီးကို ဖရိုဖရဲဝတ်ထားပြီးဆံပင်တို့ ဖွဲလန်ကြဲနေသည့် အသက်ငါးဆယ်ကျော် ညစ်ညစ်ပတ်ပတ်အဘွားကြီးတစ်ဦး သီဟဇော်တို့နားလျှောက်လာသည်။

''ဒီကလေးက ဒီသချိုင်းကနေသွားတာ မင်းဘာဖြစ်လို့ကလေးကို ခေါ်ဖို့လုပ်နေတာလဲ''

အဘွားကြီးကမျက်လုံးသေကြီးနှင့် စိုက်ကြည့်၍ပြောသည်။ သီဟဇော် စိတ်ထဲတွင် ကြက်သီးများထလို့လာ၏။

''ဒီ ... ကလေး ... က ... ကျွန်တော့် ... က ... လေး''

စကားကအလိုလိုနေရင်း ထစ်လို့နေသည်။

''ဘာ ကျွန်တော့်ကလေးလဲ ... မင်းသွားတော့ကလေးထားခဲ့''

''ဟိုး ... ဟိုး''

''ထပ်မပြောနဲ့တော့ သူကသချိုင်းကသွားတာ အရင်က သူဒီမှာနေတာ ဟုတ်တယ်နော်ကလေး''

''အင်း''

အဘွားအိုပြောတာကို သွန်းရတီကခေါင်းညိတ်လိုက်သဖြင့် သီဟဇော် ရင်ထဲပူသွားသည်။

အဘွားအိုကိုသေချာအကဲခတ်တော့ စိတ်မှန်ပုံမရတာကြောင့် အရူး





တစ်ယောက်ဖြစ်လိမ့်မည်ဟု သီဟဇော်တွေးမိလိုက်သည်။

''လာ သမီး''

''ဝါး''

သီဟဇော်က သွန်းရတီကို ပွေ့ချီ၍ အုတ်ဂူများဘေးမှ ခပ်သွက်သွက် လျှောက်လာရာ သွန်းရတီကအားရပါးရ အော်ငိုနေသလို အဘွားအိုကလည်း နောက်မှလိုက်၍ ...

''ဟဲ့ ... ငါတို့ကလေးထားခဲ့''

အော်သည်။

''ဝါး ... ဝါး''

သီဟဇော်လည်း အခြေအနေမဟန်မှန်းသိ၍ သွက်လက်သောခြေလှမ်း တို့ဖြင့် ကားဆီသို့လာကာ သွန်းရတီကိုကားထဲထည့်၍ ကားကိုအပြင်းမောင်း ၍ သချိုင်းထဲမှထွက်လို့လာသည်။

အဘွားအိုကလည်း ကားနောက်မှပြေးလိုက်ရင်း ကျန်ခဲ့လေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

# ငါးနှစ်ကြာရင်လာခေါ်မယ် ... လို့

## အခန်း (၇)

## ဘဝဟောင်းက ပဉ္စာ

"ကို ... ဘယ်လိုဖြစ်တာလဲ"

သမီးလေးက သည်းထန်စွာငိုကြွေးရင်း ကားပေါ်ကဆင်းလာတာကြောင့် မျိုးမြတ်မြတ်ကစိတ်ပူ၍မေးလိုက်သည်။ သီဟဇော်က သွန်းရတီကိုပွေ့ကာ ...

"ဒေါ်ပုံဆိုးရေ ... ဒေါ်ပုံဆိုး"

"ရှင် ... ဆရာ ... လာပါပြီ"

ဒေါ်ပုံဆိုး အိမ်ထဲကထွက်လာတော့ သီဟဇော်က ...

"ရော့ ကလေးခေါ်သွား အငိုတိတ်အောင်ချော့လိုက်"

သီဟဇော်လက်ထဲက ကလေးကို ဒေါ်ပုံဆိုးကပြောင်းချီကာ အိမ်ထဲသို့ဝင်သွားသည်။

"မျိုး ... လာဦး ... မျိုးကိုမေးစရာရှိတယ်"

"ဘာမေးမှာလဲ ... ကို"

"လာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြို့မြတ်မြတ်လက်ကို အတင်းဆွဲကာ ခြံထဲက စားပွဲဝိုင်းဆီသို့ခေါ်လာခဲ့သည်။

စားပွဲဝိုင်းကထိုင်ခုံတွင် ထိုင်လိုက်ကြရာ သီဟဇော်က ...

"သမီးရဲ့အကြောင်းကို ကိုယ့်ကိုပွင့်ပွင့်လင်းလင်းပြောပြစမ်းမျိုး"

"သမီးက ဘာဖြစ်နေလို့လဲ ကိုရဲ့"

"ကိုယ့်ကိုမဖုံးကွယ်ပါနဲ့မျိုးရယ်၊ သမီးရဲ့အပြုအမူတွေ နေထိုင်ပုံပြောဆိုပုံတွေဟာ ပုံမှန်မဟုတ်ဘူးလို့ ကိုယ်ထင်တယ်"

"ဟင်း"

မျိုးမြတ်မြတ်က မျက်နှာကို တဖက်သို့လွှဲကာ သက်ပြင်းကိုချလိုက်သည်။

"မျိုး ... မပြောရက်ဘူး ကိုရယ်"

"မပြောရက်လို့ဖြစ်မလား မျိုး၊ သမီးတစ်ခုခုဆိုရင် ကိုယ်တို့ရင်ကျိုးရမှာ ကြိုသိထားရင် စီစဉ်စရာရှိတာ စီစဉ်လို့ရတယ်"

သီဟဇော်က စိတ်မရှည်စွာအော်လိုက်သည်။ မျိုးမြတ်မြတ်က မျက်နှာငယ်ငယ်နှင့် ...

"သမီးလေးက လူဝင်စား ကို၊ ထက်ဝင့်ကျော်သေလို့ဝင်စားတာ။ ငယ်ငယ်က ကိုဓာတ်ပုံမြင်တာနဲ့ ကြောက်လန့်ပြီးငိုတော့တာ ကိုဓာတ်ပုံကိုလက်ညှိုးထိုးပြီး သူ့ကို အဲဒီလူကြီးသတ်တာတဲ့ ...

စန္ဒယားတီးတာ မျိုးသင်ပေးထားတာမဟုတ်ဘူး သူ့ဘာသာတီးတတ်တာ"

"နားထောင်ရင်း မျိုးတီးတာကိုတွေ့ရင်း တက်သွားတာမဟုတ်ဘူးလား"

မျိုးမြတ်မြတ်ကခေါင်းရမ်းလိုက်သည်။

---

ရဲရင့်အောင်စာပေ



"ဒီအရွယ်လေးနဲ့ ဒီလောက်တီးတတ်စရာကိုမရှိတာ၊ ပြီးတော့ [illegible]တာက သချိုင်းမှာတဲ့ သူ့ကိုလိုက်ပို့ပေးလို့ အမြဲပြောတယ်"

"အခု ကိုယ့်ကိုလိုက်ပို့ပေးဆိုလို့ လိုက်ပို့ပေးတာ မပြန်ဘူးလုပ်နေလို့ အတင်းပြန်ခေါ်လာရတယ်"

"ဟင်"

မျိုးမြတ်မြတ်က မျက်လုံးပြူးကာ သီဟဇော်ကိုကြည့်လိုက်၏။ သီဟဇော်လည်း သချိုင်းကအဖြစ်အပျက်တို့ကို မျိုးမြတ်မြတ်အားပြောပြလိုက်သည်။

"အဘွားကြီးဟုတ်လား ကို"

"ဟုတ်တယ်မျိုး၊ အရှုံးမကြီးတဲ့တူပါတယ်ကွာ အဝတ်အစားစုတ်ပြတ်ခြုတ်နဲ့ ညစ်ပတ်နေတာပဲ"

"အဲဒီ အဘွားကြီးပဲထင်တယ် မျိုးတို့ခြံရှေ့ကိုလာဖူးတယ်"

မျိုးမြတ်မြတ်က စဉ်းစဉ်းစားစားနှင့်ပြောလိုက်သည်။

သီဟဇော်က ...

"ဘယ်တုန်းကလဲ"

"သမီးလေးမွေးတဲ့နေ့က ... "

"ဟင်"

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဝေါ"

မိုးကအဆက်မပြတ်ကိုရွာနေတာ ဆဲကိုမဆဲတော့ မနက်တည်းကရွာနေတဲ့ မိုးဟာ အခုညနေစောင်းတဲ့အထိ တိတ်ကိုမတိတ်သေး။ မျိုးမြတ်မြတ်သူ့ဘေးက သမီးငယ်လေးကိုကြည့်ကာ ကျေနပ်ပီတိဖြစ်နေသည်။

မကြာသေးခင်ကမှ မွေးထားတဲ့ သမီးလေးနီရဲပြီး မျက်နှာကဝိုင်းစက်ကာ မျက်ခုံးထူနှင့်ချစ်စဖွယ်လေး ဖြစ်လို့နေသည်။

သမီးလေးကိုကြည့်လို့မဝဖြစ်နေစဉ် ဒေါ်နန်းထူးအခန်းထဲဝင်လာပြီး

"မျိုးမြတ် ‗ ခြံဝမှာ မိန်းမကြီးတစ်ယောက်လာအော်နေတယ်"

"ဘာအော်တာလဲ ‗ ဒေါ်နန်းထူး"

"အမျိုးစုံပဲ မောင်းထုတ်တာပဲ မသွားဘူးဘယ်လိုလုပ်ရမလဲ"

မျိုးမြတ်မြတ်လှဲနေရာမှ ကြိုးစား၍ထကြည့်လိုက်သော်လည်း ခေါင်းကမူးနေသဖြင့် အသာပြန်ငြိမ်လိုက်၏။

"မထနဲ့လေ"

"ရတယ် ဒေါ်နန်းထူးလာတွဲ ပြတင်းပေါက်ကနေကြည့်မယ်"





မျိုးမြတ်မြတ်အခန်းက ပြတင်းပေါက်ကနေခြံဝကို ကြည့်လို့ရတာကြောင့် ဒေါ်နန်းထူးကိုတွဲကာ ပြတင်းပေါက်ကနေကြည့်လိုက်သည်။

"ဟဲ့ ‗ သူဌေးမ ‗ ငါ့သမီးနင်တို့အိမ်ပြန်ရောက်နေတယ်လို့ ငါ့ကိုအိပ်မက်လာပေးတယ် နင်တို့ငါ့သမီးကို အရင်တစ်ခါကသတ်ပြီးပြီ အခုနောက်တစ်ခါလည်း သတ်ဦးမှာ ... နင်တို့မသတ်နိုင်အောင် ငါလာခေါ်တာ ငါ့ကိုပေး"

အသံကျယ်ကျယ်နှင့် အော်လေရာ မျိုးမြတ်မြတ်က ဒေါ်နန်းထူးအား ...

"သူဘာတွေပြောနေတာလဲ"

"မသိပါဘူး မျိုးမြတ်ရယ် ဦးနှောက်မကောင်းဘူးထင်ပါတယ်"

အဘွားအိုက ပါးစပ်ကမရပ်မနားကိုပြောလို့နေသည်။

"ဖိုးတုတ်တို့ကို မောင်းထုတ်ခိုင်းလိုက် ပတ်ဝန်းကျင်မှာ ကြားလို့မကောင်းဘူး"

"အင်း ဟုတ်တယ်"

ဒေါ်နန်းထူးက အခန်းထဲကထွက်သွားပြီး ဖိုးတုတ်ကိုခြံပြင်က အဘွားအိုကိုမောင်းထုတ်ခိုင်းသည်။

ဖိုးတုတ်က ...

"အဘွားကြီးသွားတော့ ကြာရင်ကျုပ်သည်းမခံဘူးနော်"

"ဟဲ့ ငါ့သမီးကိုငါလာခေါ်တာ"

"ဘာမှလာမပြောနေနဲ့ ပြောမရရင် ခွေးလွှတ်ပေးလိုက်မယ်"

"ဟင်"

အဘွားအို ခွေးတော့ကြောက်ပုံရသည်။ အသားဆတ်ခနဲတုန်သွားပြီး ပြတင်းပေါက်မှ မျိုးမြတ်မြတ်ကိုလှမ်းကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



''ဤသမီးကို နောက်ငါးနှစ်ကြာရင် ငါလာခေါ်မယ် နင်တို့ငါ့ကိုမပေး ရင် သေမင်းကိုလာခေါ်ခိုင်းမယ်''

အော်ပြောပြီး ထွက်သွားလေတော့သည်။

◆◆◆



အကြံကြီးသူရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### ရည်ဆိုး

"အဲဒါပဲ ... ကို"

"နောက်ပိုင်း အဲဒီအဘွားကြီးလာသေးလား"

သီဟဇော်က စိတ်ဝင်တစားဖြင့်မေးလိုက်သည်။

"မလာတော့ဘူး ... သမီးက တခြားကလေးတွေလိုဆော့တာမ
တမှိုင်မှိုင်တတွေတွေနဲ့ တစ်ခါတလေမျက်ရည်ကျနေတတ်တယ် ...

မျိုးလည်းအမျိုးမျိုးချော့မော့ပြောတာ သမီးကမရဘူး သူ့အမြဲလု
က စန္ဒယားတီးတာပဲကိုရယ်"

"အေးလေ ... ကိုယ်တို့လည်း အကောင်းဆုံးအဖြေတစ်ခုကို
ကြတာပေါ့"

ပြော၍ အိမ်ပေါ်သို့တက်ရန် ထလိုက်ရာ မျိုးမြတ်မြတ်ကနော
ထလိုက်လာခဲ့သည်။

အိမ်ပေါ်ရောက်တော့ လွမ်းမောဖွယ် စန္ဒယားသံကိုကြားနေ
မျိုးမြတ်မြတ်နှင့် သီဟဇော်တို့လည်း တစ်ယောက်မျက်နှာတစ်ယောက်
ကြသည်။





"ကို ထမင်းစားကြရအောင်"

"စားကြမယ်လေ သမီးကိုပါခေါ်လိုက်ပါလား"

"သမီးကို ဒေါ်ပုံဆိုးကျွေးလိမ့်မယ်"

ပြော၍ ထမင်းစားခန်းသို့ထွက်လာကြသည်။ ဒေါ်နန်းထူးက သူတို့ကို
ခင်းပွဲပြင်ပေး၏။

"ကို စား ... ကို့ အကြိုက်တွေချက်ထားတာ"

"မျိုးလည်း စားလေ"

"စားပါတယ် ကိုရဲ့"

မျိုးမြတ်မြတ်က လင်ယောကျ်ားအပေါ်ဂရုတစိုက်နှင့် ပြုစုသလိုနေရာ
မှာ အလေးထားဆက်ဆံတတ်သည်။

နှစ်ဘက်မိဘတွေက ကြွယ်ဝချမ်းသာလွန်းတာကြောင့် တစ်ဦးတည်း
သား သီဟဇော်နှင့် တစ်ဦးတည်းသောသမီး မျိုးမြတ်မြတ် စီးပွားရေးအိမ်
င်ရေးက အစစအရာရာအဆင်ပြေခဲ့ကြသည်။

သူတို့အိမ်ထောင်ကျပြီး မကြာခင်မှာ နှစ်ဘက်မိဘတွေရှေ့ဆင့်နောက်
သလို ဆုံးသွားကြသည်။

အိမ်ထောင်ကျကျခြင်း ကလေးယူရန်ကြိုးစားသော်လည်း မျိုးမြတ်မြတ်
ကျန်းမာရေးအားနည်းမှုကြောင့် ကလေးမရခဲ့။ အလုပ်နှင့်အိမ်အချိန်ကုန်နေ
ည် သီဟဇော်ကအိမ်မှာပျင်းနေသည့် မျိုးမြတ်မြတ်အတွက် စန္ဒယားတီးသည့်
မတစ်ယောက်ရှာပေးခဲ့သည်။

"ကို ... ဘာတွေစဉ်းစားနေတာလဲ စားလေ"

ထမင်းမစားပဲငိုင်၍ စဉ်းစားနေသည့် သီဟဇော်ကို မျိုးမြတ်မြတ်ကပြော
သည်။

"ဟိုတုန်းကအကြောင်းတွေ စဉ်းစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



''စဉ်းစားမနေပါနဲ့ ကိုရယ်၊ ထမင်းစားပျက်ပါတယ် စားစရာရှိတာ စား''

သီဟဇော်လည်း ထမင်းကို စိတ်မပါစွာစားရင်း လက်စသတ်လိုက် ၏။

''ကို ... အစားနည်းလှချည်လား''

''သိပ်မဆာလို့ ကိုအိမ်ရှေ့သွားတော့မယ်''

''အင်း''

သီဟဇော်လည်း အိမ်ရှေ့ဧည့်ခန်းသို့လာ၍ ကုလားထိုင်ပေါ်ထိုင်ကာ ဂျာနယ်တစ်စောင်ကိုဖတ်နေလိုက်သည်။

သမီးလေးတီးနေတဲ့ စန္ဒယားသံစဉ်တွေကတော့ ပျံ့လွင့်လို့နေဆဲ။ ဟိုတစ်ချိန်တုန်းကလည်း အခုလိုစန္ဒယားသံတွေက ဒီအိမ်ကြီးမှာလွှမ်းမိုးခဲ့သလို မယုံကြည်နိုင်လောက်အောင်ဆိုးဝါးသည့် ကြမ္မာဆိုးတို့ဝင်ရောက်ခဲ့သည်။

သံစဉ်လှလှလေးတွေကို ဖန်တီးခဲ့သလို အလွန်လှသည့်စန္ဒယားဆရာမလေးကပဲ ဒီအိမ်ကြီးရဲ့ ကံကြမ္မာကိုလိုသလိုဖန်တီးခဲ့တယ်ဆိုတာ ...

◆◆◆



''မျိုး ... ဒါကိုယ့်သူငယ်ချင်း ခိုင်ဝင်းလွှတ်လိုက်တဲ့ စန္ဒယားဆရာမလေး''

အဝတ်အစားသေသေသပ်သပ် မျက်ခုံးထူထူမျက်နှာဝိုင်းဝိုင်း နှုတ်ခမ်းဖူးဖူးလေးနှင့် ချစ်စဖွယ်မျက်နှာလေးက အလွန်ကြည်လင်လှသည်။

''ညီမလေး နာမည်ဘယ်လိုခေါ်လဲ''

''ထက်ဝင့်ကျော်ပါ မမ''

မျိုးမြတ်မြတ်ကို ထက်ဝင့်ကျော်ကရိုသေစွာဖြေသည်။

''ညီမလေးက မမကို စန္ဒယားတီးသင်ပေးမှာဆိုတော့ ဘယ်အချိန်တွေ လာသင်ပေးမှာလဲ''

မျိုးမြတ်မြတ်မေးတာကို သီဟဇော်ကဝင်၍ ...

''ထက်ဝင့်က ဒီမှာနေမှာမျိုးရဲ့ သူတို့ဇာတိက ယောနယ်တက်ကဆော မျိုးကြားဖူးမှာပေါ့ ယောပုဆိုး၊ ယောထဘီယက်တဲ့ဒေသလေ''

''ဪ''

''ထက်ဝင့် ဒီမှာနေမှာ ဆိုပေမယ့် တခြားမမခိုင်းစရာရှိတာ[illegible]''

www.burmeseclassic.com



လစာလည်းပေးချင်သလောက်ပေးပါ နေဖို့စားဖို့ရရင်တော်ပါပြီ''

ထက်ဝင့်ကျော်က မျိုးမြတ်မြတ်ကို ရိုးသေစွာပြောသည်။ မျိုးမြတ်မြတ်က စိတ်သဘောထားကောင်းသူ တစ်ယောက်ဖြစ်တာကြောင့် ...

''ညီမလေးနေတော့ မမအဖော်ရတာပေါ့ နေလေ၊ အိမ်နောက်ဘက် တန်လျားမှာမနေနဲ့ ဒီအိမ်မှာအခန်းတစ်ခန်းစီစဉ်ပေးမယ်''

''ကျေးဇူးပဲ မမ''

''မျိုး ... ကိုယ်တော့တာဝန်ကျေသွားပြီနော်''

''ဟုတ်ပါတယ် ကိုရဲ့ လာညီမလေး''

သီဟဇော်ကိုလှမ်းပြောပြီး မျိုးမြတ်မြတ်ကထက်ဝင့်ကျော်လက်ကို ဆွဲကာ အခန်းပြရန်ခေါ်လာခဲ့သည်။

BURMESE CLASSIC .com

◆◆◆



စွဲလမ်းတဲ့စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## မာယာကွန်ယက်

ထက်ဝင့်ကျော် အိမ်သို့ရောက်လာတော့ မျိုးမြတ်မြတ်အရင်လိုမပျင်းတော့ ဘယ်သွားသွားသူ့အတွက် အဖော်ရသည်လေ —

ထက်ဝင့်ကျော်ကလည်း မျိုးမြတ်မြတ်ကို ညီအစ်မအရင်းတွေလို စိတ်သဘောထားကာ နိုင်းသမျှအကုန်လုပ်ပေးသည်။ စန္ဒယားတီးတာကိုလည်း စိတ်ရှည်လက်ရှည်သင်ပေးသည်။

"ညီမလေး စန္ဒယားတီးတာ သိပ်တော်တာပဲ ဘယ်မှာသင်ခဲ့တာလဲဟင်"

"ထက်ဝင့်ရဲ့ ဘွားဘွားကစန္ဒယားတီးအရမ်းတော်တာ မမရဲ့၊ ထက်ဝင့်ကို ငယ်ငယ်တည်းကသင်ပေးထားတာလေ ကျောင်းစာမှာလည်း သိပ်မတော်တော့ စန္ဒယားတီးတဲ့ပညာကို ဂရုတစိုက်နဲ့သင်လာခဲ့တာ"

"ညီမလေး ပွဲတွေတီးဖူးလား"

"တီးဖူးတာပေါ့ ထက်ဝင့်တို့မြို့က ညေ့ခံပွဲတွေတိုင်း ဘွားဘွားနဲ့လိုက်တီးတာ ပျော်စရာကြီး ဆုတွေလည်းအများကြီးရဖူးတယ်"





တစ်ယောက်နှင့်တစ်ယောက် ရင်းရင်းနှီးနှီးရှိလာတော့ သံယောဇဉ်တွေ တစ်ဦးနှင့်တစ်ဦးပိုလာသည်။

အလှပြင်တာကစလို့ အဝတ်အစားအဆုံး ထက်ဝင့်ကျော်ကို မျိုးမြတ်မြတ်က လိုအပ်တာအကုန်ဝယ်ပေးသည်။ သီဟဇော်က ဘာတစ်ခွန်းမှမပြော မျိုးမြတ်မြတ်စိတ်ချမ်းသာလျှင် ပြီးရောဟု သဘောထားသည်။

"ကိုရေ — ညီမလေးက အရမ်းအားကိုးရတယ် မျိုးကိုလည်းအရမ်းချစ်တယ်"

"မျိုးအဆင်ပြေရင် ပြီးတာပါပဲ စန္ဒယားတီးတာအတော်တီးတတ်ပြီလား"

"သီချင်းတစ်ပုဒ်တော့ရပြီ၊ ညီမလေးကသင်တာ စနစ်ကျတယ် ကိုရဲ့ ... ကိုနောက်ဆိုစန္ဒယားတီးပြလို့ရပြီ"

"မျိုးတီးပြရင် ကိုနားထောင်မှာပေါ့"

"မျိုး တီးပြမယ် လာ"

သီဟဇော်ကိုလက်ဆွဲ၍ စန္ဒယားတီးထားသည့် အခန်းသို့ခေါ်လာကာ စန္ဒယားခလုတ်များကို မျိုးမြတ်မြတ်ကစမ်းလိုက်သည်။

စန္ဒယားခလုတ်များကို တရွေ့ရွေ့တီးရင်း သံစဉ်တို့ကလှပစွာထွက် ... လာသည်။ ထက်ဝင့်ကျော်က ဘေးရပ်၍ သီဟဇော်ကိုစိုက်၍ကြည့်နေသည်။

သီဟဇော်ကတော့ မသိဟန်ဆောင်ကာ မျိုးမြတ်မြတ်၏လက်ချောင်းလေးများကို ကြည့်နေသည်။

ထက်ဝင့်ကျော်ကတော့ သီဟဇော်အပေါ် ဘယ်လိုသဘောထားသည့် ... ဘာ သီဟဇော် တဖြည်းဖြည်းသဘောပေါက်လာသည်။

မျိုးမြတ်မြတ် စန္ဒယားတီးသံဆုံးသွားတော့ ...

"ဖြောင်း ... ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



သီဟဇော်က လက်ခုပ်တီးလိုက်သည်။ မျိုးမြတ်မြတ်ကပြုံး၍ ...

"နားအထောင်ကောင်းရဲ့လားကို"

"ကောင်းတာပေါ့မျိုးရဲ့ ထက်ဝင့်ကိုကျေးဇူးတင်ပါတယ်"

"ရပါတယ်"

ထက်ဝင့်ကျော်က စကားကို တိုတိုပြတ်ပြတ်ပြောကာ အခန်းထဲမှ ထွက်သွားသည်။

နောက်တစ်ရက်မှာ မျိုးမြတ်မြတ်က သူ့အမျိုးများရှိရာ မန္တလေးသို့ သွားမည်လုပ်တော့ ထက်ဝင့်ကျော်အားခေါ်လေသည်။

"ညီမလေး နေမကောင်းဘူး မမ"

"ဩော် _ အေးအေး ဒါဆိုလည်း ဒေါ်နှန်းထူးပဲခေါ်သွားတော့မယ်၊ ဆေးသောက်နော် မမလေးရက်လောက်ပဲကြာမှာ"

"ဟုတ်ကဲ့"

သီဟဇော်ကတော့ စက်ရုံအလုပ်တွေနှင့် မအားတာကြောင့်လိုက်မသွားဖြစ်ပဲနေခဲ့သည်။

မျိုးမြတ်မြတ်က ဒေါ်နှန်းထူး၊ ကားဒရိုင်ဘာနှင့် မန္တလေးသို့သွားသည်။ သီဟဇော်လည်း အိမ်မှာကျန်ခဲ့သည်။

"ကိုကြီး ထမင်းစားတော့မလား"

ထက်ဝင့်ကျော်ကမေးလိုက်ရာ ...

"မစားတော့ဘူး ထက်ဝင့် အပြင်ကစားလာပြီးပြီ"

"ထက်ဝင့်က အစ်ကိုကြီးနဲ့အတူတူစားမလို့စောင့်နေတာ"

မျက်နှာကိုစူကာပြောတော့ သီဟဇော်အားနာစွာနှင့် ...

"ရတယ်လေ ကိုယ်စားမယ်၊ ထက်ဝင့် ထမင်းပွဲပြင်လိုက်"

ထက်ဝင့်မျက်နှာပျော်သွားပြီး အိမ်နောက်ဘက်သို့ ပြေးဝင်သွားသည်။





သီဟဇော်လည်း ထမင်းစားခန်းသို့ထွက်လာရာ ထက်ဝင့်ကျော် [illegible] ငံ့စောင့်နေလေသည်။

"လာ ... ကိုကြီး ... "

ထက်ဝင့်ကျော်က သူ့အားကထိုင်ခုံကိုဆွဲ၍ နေရာပေးလိုက်သည်။ သီဟဇော်လည်း ထိုင်ခုံမှဝင်ထိုင်လိုက်တော့ ဟင်းတို့ကိုခပ်ထည့်ပေးသည်။

"ထက်ဝင့်လည်း စားလေ"

"ထက်ဝင့်က ကိုကြီးထမင်းစားတာကိုကြည့်ချင်တာ မစားသေးဘူး"

"ဟင်"

သီဟဇော် ထက်ဝင့်ကျော်ကို မသင်္ကာသလိုနှင့်ကြည့်နေသည်။

"ထက်ဝင့် ကိုကြီးကိုအရင်တည်းကသိတယ်"

"ဘယ်လို"

"ကိုကြီး ထက်ဝင့်အလုပ်လုပ်တဲ့ စတိုးဆိုင်မှာ ပစ္စည်းလာဝယ်ဖူးတယ် ... ဝမ်းတူးဝမ်းစတိုးလေ"

"ဘယ်တုန်းကလဲ"

သီဟဇော်မျက်မှောင် ကြုတ်၍မေးလိုက်သည်။

"လွန်ခဲ့တဲ့တစ်နှစ်လောက်ကလေ အဲဒီတည်းကစပြီး ကိုကြီးကို "

"ကိုယ် ... ဗိုက်ပြည့်သွားပြီ သွားတော့မယ်"

သီဟဇော်လည်း စကားကိုဖြတ်ကာ ထမင်းစားခန်းမှထွက်လာခဲ့တော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## ဟာယာထောင်ချောက်

နောက်နေ့မနက် သီဟာဇော်အိပ်ရာမှနိုးတော့ အိပ်ခန်းဝတွင် ထက်ဝင့်ကျော်က စောင့်၍နေကာ သဘတ်သွားတိုက်ဆေးတို့ကို အဆင်သင့်ယူ၍စောင့်နေ၏။

''ကိုကြီး ... အိပ်ရာနိုးပြီလား''

''ဆိုပါတော့ ... ''

''ရော့ ... ကိုကြီး မျက်နှာသစ်သွားတိုက်ပြီးရင် ထမင်းစားခန်းထဲလာခဲ့ ကော်ဖီသောက်မယ်''

ပြော၍ သီဟာဇော်လက်ထဲကို သဘတ်နှင့်ပစ္စည်းတို့ကိုထည့်ပေးလိုက်သည်။ သီဟာဇော်လည်း စိတ်ညစ်ညစ်နှင့် မျက်နှာသစ်ရန် ရေချိုးခန်းသို့ထွက်လာ၏။

ထက်ဝင့်ကျော်ကတော့ ထမင်းစားခန်းတွင် ကော်ဖီမုန့်တို့ကိုအဆင်သင့်ပြင်ထားသည်။ သီဟာဇော်အတွက် အခုလိုလုပ်ပေးရတာကိုပင် စိတ်ထဲ၌ကျေနပ်လို့နေသည်။





မျိုးမြတ်မြတ်ရှိနေတော့ သူအခွင့်အရေးမရခဲ့ အခုလိုသီဟာဇော်နှင့် ...ယောက်တည်းအတူနေတာကို သာယာမိ၏။

သီဟာဇော် ထမင်းစားခန်းထဲဝင်လာတော့ ထက်ဝင့်ကျော်က ...

''ကိုကြီးလာ ... ကော်ဖီသောက်မယ် အားလုံးအဆင်သင့်ပဲ''

''ရပါတယ် အားနာစရာတောင်ကောင်းနေပြီ''

သီဟာဇော်က စားပွဲအောက်က ခုံတစ်လုံးကိုဆွဲယူထိုင်ကာပြောလိုက်သည်။

''ဘာအားနာစရာလိုလဲ ကိုကြီးရယ်၊ ထက်ဝင့်က ကိုကြီးအတွက်ဆိုသမျှ ...ဆိုလုပ်ပေးချင်တာ''

''အင်း''

မျက်လုံးကိုချီကာ ဟန်နှင့်ပန်နှင့်ပြောတဲ့ ထက်ဝင့်ကျော်အမူအရာကို ...ပ်ဟန်ပြုကာ မုန့်တစ်ခုကိုကောက်ယူဝါးလိုက်သည်။

''ထက်ဝင့်လေ၊ ငယ်ငယ်တည်းကအထီးကျန်ဆန်ခဲ့တာ ပျော်စရာ ...ည်းဘာမှမရှိဘူး အမြဲတမ်းငြီးငွေ့တဲ့ မနက်ဖြန်တွေနဲ့ ဖြတ်သန်းနေရတယ်''

သီဟာဇော်က ဘေးကစားပွဲပေါ်လက်ထောက်ကာ သီဟာဇော်မျက်နှာကို ...ရင်းပြောနေသည်။

ထက်ဝင့်ကျော်၏ ရဲတင်းသောအပြုအမူကြောင့် သီဟာဇော်မနေတတ်... ...ထဲမှတခြားလူတစ်ယောက်ယောက်တွေ့သွားလျှင် တစ်မျိုးထင်မှာမလွဲပေ...

ထို့ကြောင့် ... ကော်ဖီကိုကုန်အောင် အလျင်အမြန်သောက်လိုက်သ...

''ကိုကြီး ကော်ဖီထပ်ယူဦးမလား''

''ရတယ် ... ''

ပြော၍ထလိုက်ရာ ထက်ဝင့်ကျော်လည်း နောက်မှလိုက်လာသည်။

''ကိုကြီး ... စက်ရုံသွားမလို့လား''

www.burmeseclassic.com



''အင်း''

''ထက်ဝင့်လည်း အိမ်မှာနေရတာပျင်းတယ် စက်ရုံလိုက်ခဲ့မယ်လေ''

ထက်ဝင့်ကျော်ပြောတာကို သီဟဇော်ကတစ်ချက်စောင့်ကြည့်လို ပြီး . . .

''ဘာလိုက်လုပ်မှာလဲ ... စက်ရုံမှာပျင်းစရာကြီး''

''အိမ်မှာထက်တော့ပျော်စရာကောင်းမှာပါ ကိုကြီးရယ် လိုက်ခဲ့မ နော်''

''ခက်တာပဲ''

သီဟဇော်စိတ်ထဲမှာတော့ ထက်ဝင့်ကျော်ကိုညီမလေးတစ်ယောက် သဘောထားတာကြောင့် ငြင်းဖို့ခက်နေသည်။

''လိုက်ခဲ့ပါရစေ ကိုကြီးရယ်နော်''

သီဟဇော်ရဲ့လက်မောင်းကိုကိုင်၍ ထက်ဝင့်ကျော်ကထပ်ပြော သည်။

''ကောင်းပြီလေ လိုက်ခဲ့''

''ဟေး ... ဒါမှ ထက်ဝင့်ရဲ့ကိုကြီးကွ''

ကလေးတစ်ယောက်လိုပျော်မြူးသွားတဲ့ ထက်ဝင့်ကျော်ရဲ့ဟန်ကို ကာ ညီမတစ်ယောက်ရဲ့ဆန္ဒဖြည့်ဆည်းပေးရသလို ကျေနပ်သွားသည်။

ထက်ဝင့်ကျော် အဝတ်အစားလဲနေတာကို ဧည့်ခန်းမှာထိုင်၍သတင်း ဖတ်ရင်း သီဟဇော်ကစောင့်နေသည်။

တီရှပ်အနက်ရောင်နှင့် ထဘီအဝါရောင်ကိုဝတ်ကာ ထက်ဝင့် အိမ်ရှေ့သို့ထွက်လာသည်။

အသားကဖြူဖြူ မျက်နှာပေါက်ကလေးထောင့်ကျကျနှင့် ချ ဟန်လေးက သွက်လက်လွန်းလှသည်။





''သွားမယ်လေ ကိုကြီး''

''အေး''

သီဟဇော်က သတင်းစာကို စားပွဲပေါ်ပစ်တင်၍ ထက်ဝင့်ကျော်နှင့် အတူ ထွက်လာခဲ့သည်။

အိမ်ခြံထဲမှကားနက်ကြီးပေါ်တက်တော့ ထက်ဝင့်ကျော်က သီဟဇော် ကားမောင်းသည့် ဘေးခုံတွင်ဝင်ထိုင်လိုက်သည်။

''ညနေမှပြန်ရောက်မှာနော်''

''ရတယ် ကိုကြီး, ကိုကြီးပြန်တဲ့အချိန်မှ ထက်ဝင့်လည်းပြန်မယ်''

သီဟဇော်ကားစက်နှိုး၍ ကားဂိတ်ထိုးကာ စက်ရုံသို့ကားကိုမောင်း ထွက်လာခဲ့တော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

ဘဝဟောင်းက အခွဲအလမ်းနဲ့ ကျိန်စာသင့်သူတို့
ဇာတ်လမ်းအစကတော့ ...

အခန်း (၁၁)

## မျှော်နေသူ

စက်ရုံရောက်တော့ ထက်ဝင့်ကျော်က စက်ရုံတွင်းလိုက်ကြည့်ချင်သည် ပြောတာကြောင့် ရုံးအဖွဲ့စာရေးမတစ်ယောက်ကို လိုက်ပြခိုင်းလိုက်သည်။

သီဟဇော်ကိုယ်တိုင်မပြတာကြောင့် ထက်ဝင့်ကျော်မျက်နှာသိမ်ခကောင်း စက်ရုံမန်နေဂျာ မျိုးဝင်းက သီဟဇော်ရဲ့သူငယ်ချင်းဖြစ်တာကြောင့် သီဟဇော်အား ...

"ဟိုကောင်မလေးကြည့်ရတာ တစ်မျိုးပဲ"

"ဘာလဲ မျိုးဝင်းရဲ့"

သီဟဇော်က နားမလည်၍ မျိုးဝင်းကိုမေးလိုက်သည်။

"ကောင်မလေးနဲ့မင်းနဲ့ ရှိုးမှရှိုးရဲ့လား"

"ဘာတွေပြောနေတာလဲ မျိုးဝင်းရယ်၊ ငါ အဲဒါတွေဝါသနာမပါဘူး- ဒိုမိန်းမမျိုးအပေါ်လည်း ဘယ်တော့မှသစ္စာမဖောက်ဘူး"

"ငါ မင်းကိုယုံတယ် ဟိုကောင်မလေးက မင်းကိုဆက်ဆံတာ ပြောစရာ ဘန်တွေက မရှိဘူး၊ ဖြစ်နိုင်ရင်ဝေးဝေးနေကွာ ကိုယ့်အိမ်ထောင်ရေးပဲတွေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာမှမကောင်းနိုင်ဘူးနော်"

မျိုးဝင်းက သတိပေးစကားပြောသည်။ သီဟဇော်ကရယ်၍ ...

"မျိုးဝင်း ခင်းငါ့အကြောင်းသိပါတယ် ငါနဲ့မျိုးနဲ့က ခုတွေ့ခုကြိုက်ခဲ့တာမဟုတ်ပါဘူး နှစ်တွေအကြာကြီးကြိုက်ပြီးတော့မှ လက်ထပ်ခဲ့တာလေ၊

ငါမျိုးကလွဲလို့ ဘယ်ကောင်မလေးကိုမှ ရည်းစားတောင်ဖြစ်ခဲ့တာမှ မဟုတ်တာ"

"အေးပါ _ မင်းဆီကို မထင်မှတ်တဲ့မြားတွေဝင်လာရင် ဆင်ခြင်နိုင်အောင်သတိပေးတာပါ"

သီဟဇော်လည်း မျိုးဝင်းကို ဘာမှပြန်မပြောတော့ဘဲ လုပ်ငန်းစာရင်းတွေကို တစ်ရွက်ချင်းလှန်ကြည့်နေသည်။

မျိုးဝင်းက ...

"ဒီလထဲ အော်ဒါတွေတအားတက်တယ် သီဟရေ _ လိုအပ်ရင် အလုပ်သမားတွေကို ညပိုင်းအလုပ်ဆင်းခိုင်းရမယ်"

"လိုအပ်မှလုပ်ပါကွာ ညဘက်ဆင်းခိုင်းလည်း ထမင်းကျွေးဖို့နဲ့ ကျူတီကြေးပါပေးလိုက်ပါ ငါလည်းလာခဲ့မယ်"

"အော်ဒါတွေကအရမ်းများနေတာ မနက်ဖြန်ကစပြီး သုံးရက်ဆင်းနိုင်းမှဖြစ်မယ် မှာတဲ့ဖောက်သည်တွေကို ပစ္စည်းမပို့နိုင်ရင် မိတ်ပျက်မယ်"

"မင်းကောင်းသလို စီစဉ်ကွာ"

မျိုးဝင်းက အလုပ်နှင့်ပတ်သက်လျှင် အလွန်စိတ်ချရသည်။ ရိုးသား၍ အလုပ်ကိုလစ်ဟင်းမှုမရှိအောင် လုပ်တတ်တာကြောင့် အစစအရာရာ မျိုးဝင်းကို အလုပ်နှင့်ပတ်သက်၍ လွှဲထားရသည်။

နာမည်ရ နို့ဆီချက်စက်ရုံကြီးတစ်ရုံပိုင်ဆိုင်ထားသည့် သီဟဇော်က သူ့အပေါ်သစ္စာရှိသော မျိုးဝင်းကိုလွန်စွာအားကိုး၏။

---

ရဲရင့်အောင်စာပေ



"ဟုး မောလိုက်တာ၊ ကိုကြီးရဲ့စက်ရုံကလည်းအကျယ်ကြီး အရှေ့ဆုံး အနောက်ဘက်ဆက်မသွားတော့လို့"

သီဟဇော်ထိုင်သည့် ရုံးခန်းထဲဝင်လာပြီး ထိုင်ခုံတစ်လုံးတွင်ထိုင်ရင်း ထက်ဝင့်ကျော်ကပြောသည်။

သီဟဇော်က ...

"အိမ်မှာနေခဲ့ရင် ပြီးရော"

"ထက်ဝင့်က ကိုကြီးရှိတဲ့နေရာမှာနေချင်တာလေ"

ထက်ဝင့်ကျော်ကပြောတော့ မျိုးဝင်းက သီဟဇော်မျက်နှာကိုလှမ်းကြည့်သည်။

သီဟဇော်လည်း မျက်နှာပျက်လို့သွားသည်။ မျိုးဝင်းက ...

"စက်ရုံထဲလျှောက်ကြည့်တာ ဘာတွေတွေ့ခဲ့လဲ ထက်ဝင့်ကျော်"

"အစုံပါပဲ အလုပ်သမားတွေ အလုပ်လုပ်နေတာပျော်စရာကြီး ထက်ဝင့်ကျော်တောင် ဝင်ပြီးလုပ်တောင်လုပ်ချင်တယ်"

"လုပ်မယ်ဆိုရင် လျှောက်လွှာတင်လိုက်လေ တစ်လခြောက်သောင်း ပေးမယ်"

မျိုးဝင်းကနောက်လိုက်ရာ ထက်ဝင့်ကျော်က ...

"ထက်ဝင့်က ဒီစက်ရုံမှာအလုပ်လုပ်မယ်ဆိုရင်တောင် အလုပ်သမား အနေနဲ့လုပ်မှာမဟုတ်ဘူး အလုပ်ရှင်အနေနဲ့လုပ်မှာ"

"ဟင်"

မျိုးဝင်းတင်မဟုတ် သီဟဇော်ပါ မျက်လုံးပြူးလို့သွားသည်၊ ထက်ဝင့် ကျော်ကတော့ ခပ်တည်တည်ပင် ...

"သီဟရေ _ သူသာအလုပ်ရှင်လာလုပ်ရင် ငါတော့ထွက်ခဲ့မယ်"

ထက်ဝင့်ကျော်ကိုကြည့်၍ မျိုးဝင်းကနောက်လိုက်ရာ ...

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ထွက်စာတင်မှာလဲ ထက်ဝင့်ကတောင် လစာတိုးပေးမှာ"

"နေပါဗျာ ... အရှင်တစ်ယောက်ရဲ့ ထမင်းပဲစားပါရစေ"

သီဟဇော်က မျိုးဝင်းစကားကြောင့် ခေါင်းငုံ့ထားသည်။ ထက်ဝင့်ကျော်က မျိုးဝင်းပြောတာကိုနားမလည်၍ ...

"ထမင်းစားတာပဲ ဗိုက်ဝရင်ပြီးတာပဲ"

"ဟား ... ဟား ... "

မျိုးဝင်းအားရပါးရရယ်မောလိုက်သည်။ ထက်ဝင့်ကျော်ပါလာတာကြောင့် သီဟဇော်လည်း အလုပ်လုပ်ရတာစိတ်မပါတာကြောင့် နေ့လယ်ထမင်းစားချိန်ရောက်တော့ ...

"ငါပြန်ဦးမယ် မျိုးဝင်း ကိစ္စရှိရင် အိမ်ကိုဖုန်းလှမ်းဆက်လိုက်"

"အေး"

သီဟဇော်လည်း ထက်ဝင့်ကျော်ကိုခေါ်၍ စက်ရုံမှပြန်လာခဲ့တော့သည်။

◆◆◆



"တူ ... တူ ... "

အိမ်ရှေ့ဧည့်ခန်းထဲက ဖုန်းလာတာကြောင့် အိပ်ခန်းထဲတွင်စာဖတ်နေသည့် သီဟဇော်အခန်းအပြင်သို့ထွက်လာကာ ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို ... သီဟဇော်ပါ"

"ကို ... မျိုးပါ ကိုအိမ်မှာ စားရသောက်ရတာအဆင်ပြေရဲ့လား"

ဖုန်းသည် မျိုးမြတ်မြတ်ရဲ့ဖုန်းဖြစ်တာကြောင့် သီဟဇော်ဝမ်းသာသွားသည်။

"အဆင်တော့ပြေပါတယ် မျိုးမရှိတော့နေရတာ ပျင်းချောက်ချောက်ကြီး မျိုးဘယ်တော့ပြန်လာမှာလဲ"

"တစ်ရက်နှစ်ရက်နေရင် ပြန်လာမယ်လေ၊ ထက်ဝင့်နေကောင်းသွားပြီလား"

"ကောင်းသွားပြီ ... မျိုးအမြန်ဆုံးပြန်လာနော်"

"အင်းပါ"

မျိုးမြတ်မြတ်က ဖုန်းချသွားတော့ နောက်သို့လှည့်ကြည့်လိုက်ရာ—



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဇွတ်တရက်မို့ သီဟဇော်လန့်လို့သွားသည်။ ဆံပင်တွေ ဖရိုဖရဲနှင့်
ထက်ဝင့်ကျော်က သူ့ကိုစိုက်ကြည့်ပြီး

"ဘယ်က ဖုန်းလဲ"

မေးလိုက်သည်။ သီဟဇော်က ...

"မျိုး ... ဖုန်းဆက်တာလေ ဘာလို့လဲ"

"ဘာမှမဖြစ်ပါဘူး"

ပြော၍လှည့်ထွက်သွားသည်။ သီဟဇော်လည်း စိတ်ရှုပ်စွာဖြင့် အခန်းထဲ
သို့ပြန်ရန်ပြင်လိုက်စဉ် ...

"တူ ... တူ ..."

ဖုန်းသံကမြည်လာပြန်သည်။ သီဟဇော်လည်း ဖုန်းရှိရာသို့ပြန်လာကာ
ကောက်ကိုင်လိုက်၏။

"ဟဲလို"

"သီဟ ... ငါပါ ... မျိုးဝင်း"

"ကိုးနာရီပဲ ထိုးတော့မယ်ကွာ၊ ဘာလုပ်မလို့လဲ"

သီဟဇော်က လက်ကနာရီကြည့်၍ပြောလိုက်သည်။

"သီဟ ... မင်းမေ့နေပြီလား စက်ရုံမှာ ဒီညအလုပ်ဆင်းခိုင်းထား
တယ်လေ"

"ဪ ... အေး ... အေး ... ဘာလို့လဲ"

"ဖူးရိုက်တဲ့အလုပ်သမားတစ်ယောက် စက်ညက်လို့ကွာ ... ဆေးရုံ
ပို့ရမယ် မင်းလာနိုင်မလား"

အလုပ်သမားတစ်ယောက်၏ မတော်တဆအဖြစ်ကြောင့် သီဟဇော်
စိုးရိမ်သွားသည်။ သူက အလုပ်ရှင်ဆိုပေမယ့် ဘယ်တော့မှမျက်နှာလွှဲမနေတတ်။





ထို့ကြောင့် ...

"လာခဲ့မယ်လေ ... ဆေးရုံကိုတန်းလာမယ်"

"အေး ... အေး"

မျိုးဝင်းဖုန်းချသွားတော့ သီဟဇော်လည်း အခန်းထဲသို့ဝင်ကာအဝတ်
အစားအမြန်လဲ၍ ထွက်လာသည်။ ခြံထဲကားနားရောက်သောအခါ ...

"ကိုကြီး ... ဘယ်လဲ"

အိမ်တံခါးဝမှ ထက်ဝင့်ကျော်၏လှမ်းမေးသံကို ကြားလိုက်ရသည်။

"ဆေးရုံသွားမလို့"

နောက်ကျနေမည်စိုးတာကြောင့် ထပ်၍ရှင်းပြမနေတော့ပဲ ကားပေါ်
တက်၍ စက်နှိုးလိုက်၏။ ထက်ဝင့်ကျော်ကကားနားသို့ရောက်လာပြီး

"ဘယ်အချိန်ပြန်လာမှာလဲ ကိုကြီး ... ထက်ဝင့်စောင့်နေမယ်"

"အင်း"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

မင်း ... အနားမကပ်နဲ့ ... ငါ ... ငါ ...

မသိဘူး ... မသိဘူး ...

"အား" ကြောက်မက်ဖွယ်အော်သံနှင့် အတူ ...

## အခန်း (၁၂)

## ဝိဉာဉ်ထိုးမှာ

ဆေးရုံတွင် ဒဏ်ရာရအလုပ်သမားအတွက် စီစဉ်စရာရှိတာများကို စီစဉ်ပေးရင်း ညဆယ့်နှစ်နာရီကျော်တော့ သီဟဇော်က မျိုးဝင်းအား ...

"ငါပြန်ဦးမယ် မျိုးဝင်းငွေလိုရင် လိုသလောက်သုံးထား ... လူနာဖြစ်ချင်တာအားလုံး စီစဉ်ပေးလိုက်"

"အေး ... ရတယ်"

"ကိစ္စအရေးကြီးရင် အချိန်မရွေးငါ့ဆီဖုန်းဆက်"

ပြော၍ ဆေးရုံထဲကထွက်လာသည်။ ဆေးရုံအပြင်ဘက်ကားထားရာနေရာသို့လျှောက်လာကာ ကားနားတွင်အဝတ်အစားစုတ်ပြတ်ပြတ်နှင့် အသွား ... တစ်ဦး သူ့ကားတံခါးကိုမှီ၍နေသည်။ သီဟဇော်စိတ်ထဲ ကြက်သီးထလို့သွားသည်။

ဆံပင်များဖွာလန်ကြဲကာ အသားအရေက ညအမှောင်ထဲမှ ညစ် ... ည်။

"အဘွား ခဏလောက်ဖယ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက သီဟဇော်ကို မှုန်ကုတ်ကုတ်လှမ်းကြည့်သည်။

''ကျွန်တော် ကားထွက်မှာမို့ပါ''

''ဒါ ... နင့်ကားလား''

''ဟုတ်ပါတယ် အဘွား''

အဘွားအိုက မဖယ်ချင့်ဖယ်ချင်ဖြင့် ဖယ်ပေးလိုက်သည်။

ပြီးတော့ ...

အဘွားအိုက ...

''နင့်ကိုပြောထားခဲ့မယ်၊ နင်ဟာ ဘဝအဆက်ဆက် မကုန်နိုင်တဲ့ အကြွေးလာဆပ်လှူလို ရက်စက်တဲ့လူဖြစ်လိမ့်မယ်''

သီဟဇော် အံ့သြသင့်နေစဉ်မှာပဲ အဘွားအိုက အမှောင်ထဲသို့ဝင်ကာ ပျောက်ကွယ်သွားသည်။

သီဟဇော်လည်းကားတံခါးကိုဖွင့်၍ ကားပေါ်တက်ကာမောင်းထွက်လာသည်။

တစ်လမ်းလုံးစိတ်ထဲ၌ လေးလံလို့နေသည်။ အဘွားအို၏မျက်နှာလည်း မျက်လုံးထဲတွင်မြင်လို့နေ၏။

သူ့ကို နိမိတ်ဖတ်တာလား ဒါမှမဟုတ် သက်သက်ခြောက်တာလားဟုတွေးနေမိသည်။

အိမ်ရောက်တော့ အိမ်တံခါးဝတွင် ထက်ဝင့်ကျော်က စောင့်လို့နေသည်။

''ညဉ့်နက်နေပြီ မအိပ်သေးဘူးလား''

''ကိုကြီး ပြန်မလာသေးလို့ မအိပ်သေးတာ''

သီဟဇော်လည်း အိမ်ထဲဝင်လာကာ ဧည့်ခန်းထဲကထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။





ထက်ဝင့်ကျော်က အိမ်တံခါးကိုပိတ်၍ ဧည့်ခန်းတွင်ထိုင်နေသော သီဟဇော်နားလာ၍ ...

''ကိုကြီး ... ကိုကြီးကို ထက်ဝင့်စန္ဒယားတီးပြမယ်''

''ညဉ့်နက်နေပြီ နေ့လယ်ပိုင်းမှ တီးပြတော့''

''မရဘူး အခုတီးပြမယ်''

ထက်ဝင့်ကျော်ကပြောတော့ သီဟဇော်စိတ်ထဲမှာ သူပြန်အလာကို အချိန်ဆိုစောင့်ပေးတဲ့အတွက်ကြောင့် အားနာတာကြောင့် ထက်ဝင့်ကျော်ဆန္ဒကို လိုက်လျောဖို့ဆုံးဖြတ်လိုက်သည်။

''တစ်ပုဒ်ပဲနော် ကိုကြီး အိပ်ချင်နေပြီ''

''အင်းပါ''

သီဟဇော်လည်း ထက်ဝင့်ကျော် စန္ဒယားတီးတာကိုနားထောင်ရန် အပေါ်ထပ် စန္ဒယားထားသည့်အခန်းသို့လိုက်လာခဲ့သည်။ အခန်းထဲရောက်တော့ ထက်ဝင့်ကျော်က စန္ဒယားခုံရှေ့မှထိုင် ခုံတွင်ဝင်ထိုင်ကာ ခလုတ်များကိုစမ်း၍ တီးလိုက်သည်။

''ကိုကြီး ... ဘာသီချင်းနားထောင်မလဲ''

''ကြိုက်တဲ့ သီချင်းသာတီး ကိုကြီးနားထောင်မယ်''

ထက်ဝင့်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး ခလုတ်များကိုနှိပ်လိုက်သည်။

သံစဉ်တို့ကအလှုအလိမ့်များစွာနှင့် ဆွဲဆွဲငင်ငင်ထွက်ပေါ်လာပြီး ကြေကွဲဆွေးဖွယ်သံစဉ်တို့ထွက်ပေါ်လာသည်။ ထက်ဝင့်ကျော်က သီဟဇော်ကိုလည်း ကြည့်တော့ ...

သံစဉ်များထဲတွင် လိုက်ပါစီးမျောလို့နေ၏။

စန္ဒယားခုံပေါ်လက်တင်၍ နားထောင်နေသော သီဟဇော်ရင်ထဲ၌ လွမ်းဆွေးသလိုလိုခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝင့်ကျော် ဘယ်သူ့ကိုမျှော်လင့်နေတာလဲ ...

သူ့ရင်မှာလည်း အချစ်ကြီးကြီးနဲ့ချစ်ရမည့်သူဟာ ဘယ်သူလဲ နင့်နင့်နဲနဲခံစားရတဲ့ ခံစားချက်တွေဟာ သံစဉ်များနှင့်ဖော်ပြသလိုဖြစ်နေ၏။

"ဟင်း"

သီဟဖော်သက်ပြင်းချလိုက်သည်။ ထက်ဝင့်ကျော်၏ ဖြူဖွေးသွယ်လျသည့် စန္ဒယားခလုတ်ပေါ်က လက်ချောင်းလေးတွေကို ငေးကကြည့်နေ၏။

သံစဉ်က တဖြည်းဖြည်းလျော့လာကာ နောက်ဆုံးတွင်ရပ်လို့သွားပြီး စန္ဒယားခလုတ်ပေါ်၌မှောက်ကာ ထက်ဝင့်ကျော်ငိုကြွေးလိုက်သည်။

"ထက်ဝင့် ... ဘာဖြစ်တာလဲ"

သီဟဖော်က ထက်ဝင့်ကျော်ရဲ့ ပခုံးနှစ်ဘက်ကိုဆုပ်၍မကာ အသာအယာထူလိုက်၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်အနေအထားရောက်သောအခါ ထက်ဝင့်ကျော်က ...

"ကိုကြီး ... "

"ဘာလို့ငိုတာလဲ ထက်ဝင့်ရယ်"

"ကိုကြီး ... ကိုကြီးကို ထက်ဝင့်အရမ်းချစ်တာပဲ ထက်ဝင့်ရင်ထဲမှာ ဘယ်လိုမှမခံစားနိုင်တော့ဘူး"

"ဟင်"

သီဟဖော်အံ့သြသွားသည်။ ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ထားသည့်လက်ကိုလည်း လွှတ်လိုက်၏။

"ကိုကြီး ... ထက်ဝင့်ကိုကြိုက်သလို အပြစ်တင်ပါ ထက်ဝင့်ကိုကြီးကိုလုံးဝမခွဲနိုင်ဘူး"

"မင်း ... မင်း ... ဘာသဘောလဲ"





သီဟဖော်နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"ထက်ဝင့် ကိုကြီးကိုချစ်ပါရစေ ... ကိုကြီးကို ထက်ဝင့်မချစ်သင့်မှန်းလည်း သိပါတယ် ... ဒါပေမဲ့"

ရှေ့သို့တဖြည်းဖြည်းတိုးလာတဲ့ ထက်ဝင့်ကျော်ရဲ့စိတ်တွေက ရူးသွပ်သူတစ်ယောက်လိုဖြစ်နေသည်။

ရုတ်တရက် ထက်ဝင့်ကျော်က သီဟဖော်အားပြေးဖက်လိုက်ရာ–

"ဟာ ... မင်းဘာလုပ်တာလဲ"

"ဝုန်း"

သီဟဖော်က ထက်ဝင့်ကျော်ကို တွန်းချလိုက်ရာ ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ကျသွားသည်။

"ကိုကြီး"

ထက်ဝင့်ကျော်က မျက်နှာကိုမော့၍ သီဟဖော်ကိုခေါ်လိုက်သည်။

"ငါက အိမ်ထောင်သည် ... မင်းအခုလိုအပြုအမူမျိုးမလုပ်သင့်ဘူး ငါ့မိန်းမ မျိုးသာပြန်သိရင် ငါတို့အိမ်ထောင်ရေး ဘာဖြစ်နိုင်လဲ မင်းသိလား"

"မသိဘူး ... ထက်ဝင့် ကိုကြီးကို ချစ်တာပဲသိတယ်"

"ဟာကွာ ... "

သီဟဖော်စိတ်ပျက်စွာနှင့် စန္ဒယားအခန်းထဲမှ အပြင်သို့ထွက်သွားတော့သည်။

ခြေလှမ်းသွက်သွက်နှင့် လျှောက်လာရာလှေကားထိပ်သို့ရောက်သောအချိန်တွင် ...

"ကိုကြီး ... "

ထက်ဝင့်ကျော်နောက်မှ အတင်းပြေးလိုက်လို့လာ၏။

"ဟော့ ... မင်း ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေ ဖရိုဖရဲနှင့် ထက်ဝင့်ကျော်က သီဟဇော်ကိုအတင်းပြေးဖက်ရာ ...

"ဘာလဲဟာ ... ငါ့ကိုဒုက္ခပေးမလို့လား"

ပြော၍ အတင်းပြေးလာသည့် ထက်ဝင့်ကျော်ကိုယ်ကိုစောင့်၍တွန်းလိုက်သည်။

"ဟင်"

"အား"

ထက်ဝင့်ကျော် လှေကားထိပ်မှာပင်ခြေချော်၍ လှေကားအောက်သို့ ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားလေသည်။

လှေကားအောက်ခြေတွင် ခေါင်းတစ်လုံးသွေးများပေကျံနေကာ ငြိမ်သက်နေသော ထက်ဝင့်ကျော်ရှိရာသို့ သီဟဇော်လှေကားအတိုင်းဆင်းလာ၍ ကြည့်ပြီးသွေးပျက်သွားသည်။

ထက်ဝင့်ကျော်က မျက်လုံးကိုပြူးကာ ငြိမ်သက်လို့နေ၏။

"ထက်ဝင့် ... ထက်ဝင့် ... ဟာ ... ပြဿနာပဲ ငါတော့ဒုက္ခရောက်ပြီနဲ့တူတယ်"

သီဟဇော် ဘာလုပ်ရမှန်းမသိဘူးဖြစ်နေစဉ် ဖိုးတုတ်ရောက်လာပြီး

"ဟင် ... ဘာဖြစ်တာလဲ ဆရာ"

"ဟေ့ကောင် စမ်းကြည့်စမ်း အသက်ရှိသေးလား"

သီဟဇော်ကပြောလိုက်ရာ ဖိုးတုတ်က ထက်ဝင့်ကျော်လက်ကောက်ဝတ်ကို ကိုင်၍သွေးစမ်းကြည့်၏။

"ဆ ... ဆရာ သူ့အသက်မရှိတော့ဘူး"

"ဟင်"

"ဘယ်လိုဖြစ်တာလဲ ဆရာရယ်"





သီဟဇော် ဖိုးတုတ်ကိုရှင်းမပြတော့ ... မျက်နှာမှာလည်း ချွေးသီးတို့ပြန်လို့နေသည်။

"ဖိုးတုတ် ... ငါဘယ်လိုလုပ်ရမလဲ ငါသူ့ကိုသတ်တာမဟုတ်ဘူး သူ့ဘာသာ ..."

ဖိုးတုတ်လည်း စိတ်တွေလှုပ်ရှားလို့နေသည်။

"ဆရာ ... သူ့အလောင်းကိုတစ်နေရာရာ သွားပစ်လိုက်ရင်ကောင်းမလား"

"ဟာ ... အပြစ်ပိုကြီးမှာပေါ့ ငါလည်းသတ်တာမဟုတ်ဘူး"

"လောလောဆယ် ဆရာအဖမ်းခံရမှာ ဆရာမသတ်ဘူးဆိုရင် နောက်မှဖြေရှင်း ..."

ဖိုးတုတ်ပြောတာဟုတ်တော့ဟုတ်သည်။ သီဟဇော်စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထား၍ ...

"မင်း ... ရဲ ... ကိုဖုန်းဆက်လိုက် ငါမျိုးနောက်လိုက်သွားမယ် ပြန်လာမှ ဥပဒေအတိုင်းဆက်လုပ်မယ်ကွာ"

"ဆရာ ... မန္တလေးရောက်ချိန်လောက်မှ ဖုန်းဆက်မယ်လေ"

"ရပါတယ်ကွာ တစ်ညလုံးဒီအတိုင်းထားရင် အပြစ်ပိုကြီးသွားမယ်"

ဖိုးတုတ်ကို မှာစရာရှိတာမှာ၍ အိမ်ထဲမှထွက်လာကာ ကားပေါ်တက်တွင် ရုတ်တရက်ဆောင်းလေအေးတိုက်သလို အေးသွားသည်။

"ဟင်"

စိတ်ထဲထင်တာနေမှာပါဟုတွေးကာ ကားစက်ကိုနှိုး၍မောင်းထွက်လာသည်။ စိတ်ထဲ၌ သူ့ကားထဲတစ်စုံတစ်ယောက်ပါလာသလို ခံစားရသည်။

"ကိုကြီး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သီဟဇော် ကားနောက်ခန်းသို့ လှည့်ကြည့်လိုက်ရာ ဘယ်သူ့ကိုမှ မတွေ့ …

စိတ်ထဲထင်တာပါ ဟုတွေးကာ ကားကိုစက်ကုန်ဖွင့်၍ မောင်းလာတော့သည်။

◆◆◆



ခုတင်ဘေးသို့ တဖြည်းဖြည်းကပ်လာပြီး ကြောက်မက်ဖွယ် လက်ကြီးများဖြင့် လည်ပင်းကိုညှစ်ဖို့လုပ်လိုက်ရာ …

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

## ဝိညာဉ်ကိုသတ်ချင်တဲ့ ည

"သူတကယ်သေသွားပြီ ဟုတ်လားကို _ ဘယ်လိုလုပ်ကြမလဲ"

မျိုးမြတ်မြတ်က တအံ့တသြဖြစ်ကာ သီဟဇော်ကိုပြောလိုက်သည်။

"ကိုယ် သတ်လိုက်တာမဟုတ်ပါဘူး မျိုးရယ်၊ သူကအရူးတစ်ယောက်လို ပြေးလာတာကို ကိုကခန္ဓာကိုယ်ကိုစောင်းပြီး လက်နဲ့တွန်းလိုက်တာ လှေကားထိပ်မှာဆိုတော့ ခြေချော်ပြီးအောက်ကိုကျသွားတာ"

"မျိုးယုံပါတယ် ကိုသိကြွာကိုလည်း ယုံပြီးသားပါ၊ လူတစ်ယောက်လုံးသေသွားတဲ့ ကိစ္စဆိုတော့ ဘယ်လိုရှင်းကြမလဲ"

သီဟဇော်လည်း ဘယ်လိုလုပ်လို့လုပ်ရမှန်းမသိ မျိုးမြတ်မြတ်ရဲ့အဖေကရှေ့နေတစ်ယောက်ဖြစ်သောကြောင့် ...

"ရဲကတော့ အမှုဖွင့်အရေးယူလိမ့်မယ် မောင်သီဟဇော်လည်း သိပ်လည်းစိတ်မပူပါနဲ့ တရားကိုနတ်စောင့်ပါတယ် ...

အန်တီလည်းအစွမ်းကုန်လိုက်ပေးပါ့မယ် ... မင်းဒီမှာနေခဲ့ဦး





အန်တီမင်းတို့မြို့သွားပြီး အမှုကိုင်အိုင်အိုနဲ့တွေ့လိုက်မယ်"

"အန်တီ ကောင်းသလိုသာစီစဉ်ပါ၊ ကျွန်တော်ကတော့စိတ်ညစ်လာပါပြီတယ်"

"စိတ်ညစ်လို့မရဘူးလေ ဖြစ်လာရင်တော့ရှင်းရမှာပေါ့"

မျိုးမြတ်မြတ်အန်တီဒေါ်မာလာဆွေက ထက်ထက်မြတ်မြတ်ဖြစ်တာကြောင့် အမှုကိုင်အိုင်အိုကိုဖုန်းဆက်ကာ သူကိုယ်တိုင်သီဟဇော်တို့မြို့ကို ထွက်သွားသည်။

"ကို _ မန္တလေးရောက်တုန်း စိတ်လွတ်ကိုယ်လွတ်ပျော်အောင်နေနောက်ဆို ဖြေရှင်းရမယ့် ပြဿနာတွေကအများကြီး"

နေရာတိုင်းမှာစိတ်သဘောထားပြည့်ဝကာ လင်ယောက်ျားကိုသံယောဇဉ်တွယ်နှောင်နေသည့် မျိုးမြတ်မြတ်အတွက် သီဟဇော်စိတ်မကောင်းဖြစ်မိသည်။

"ကံတရားကရက်စက်လွန်းပါတယ် မျိုးရယ်"

"အဲဒါတွေထားပါ ကို _ ရေချိုး ကိုကားမောင်းလာရတာပင်ပန်းမယ် ပြီးရင်တရေးတမောအိပ်လိုက် အိပ်ရာနိုးရင် မန္တလေးတောင်သွားမယ်"

"အင်း"

သီဟဇော်လည်း ဇနီးသည်စိတ်ချမ်းသာအောင် ရေချိုးအဝတ်အစားလဲကာ အိပ်လိုက်သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီး … ကိုကြီး … ထပါဦး"

"ဟင်"

သူ့ကို တစ်စုံတစ်ယောက်ကနှိုးသည့်အသံကြားတာကြောင့် လန့်နိုးသွားပြီး ကြည့်လိုက်တော့ ထက်ဝင့်ကျော်ဖြစ်နေသည်။

"မင်း … မင်း … ဘာဒုက္ခပေးမလို့လဲ"

"ဟင် … ဟင် … "

ထက်ဝင့်ကျော်က ရယ်မောလျှက်နေသည်။ ဝတ်ထားသည့်အဝတ်အစားများကလည်း သေတဲ့ညကဝတ်သည့်အဝတ်အစားများဖြစ်နေသည်။

"မင်းကို - ငါ - ငါသတ်တာမဟုတ်ဘူးနော် မင်းဘာသာလှေကားက ပြုတ်ကျသွားတာ"

သီဟဇော်က ကိုယ်ကိုကုန်းထရင်း ကုတင်ဘေးက ထက်ဝင့်ကျော်ကို ပြောလိုက်သည်။

"ထက်ဝင့် ကိုကြီးသတ်လည်းသေတာပဲ ကိုယ့်ဘာသာပြုတ်ကျလည်း သေတာပဲ ဟင်း … ဟင်း"

"မင်း … ဘာလုပ်မလို့ ဒီကိုရောက်လာတာလဲ သွား … သွား"

ရှိရင့်အောင်စာခေ



သီဟဇော်ကအတင်းမောင်းထုတ်ရာ ထက်ဝင့်ကျော်က …

"ထက်ဝင့် - ကိုကြီးနဲ့လိုက်လာတာ"

"ဘာ - ဘာပြောတယ်"

"ဟုတ်တယ် - ကားနဲ့အတူပါလာတာ ကိုကြီးကြောက်နေပြီလား မကြောက်ပါနဲ့ ကိုကြီးရယ် ထက်ဝင့် ကိုကြီးနဲ့အတူနေမှာပါ"

"ဟာ … "

သီဟဇော်ခေါင်းခါရမ်း၍ ထက်ဝင့်ကျော်ကိုဆွဲကိုင်လွှင့်ပစ်ဖို့ လုပ်လိုက်သည်။

ထက်ဝင့်ကျော်ကနောက်သို့ဆုတ်လိုက်ပြီး …

"ဘာလဲ - ကိုကြီးက ထက်ဝင့်ကိုဝိညာဉ်ဘဝရောက်တာတောင် သတ်ချင်နေသေးတယ်ဟုတ်လား"

"ဟုတ်တယ် - မင်းငါ့ကိုဒုက္ခတော်တော်ပေးတယ်"

"ဪ - ကိုယ့်ကိုဒီလောက်ချစ်တဲ့မိန်းမတစ်ယောက်ရဲ့ အချစ်ကို အသိအမှတ်မပြုတဲ့အပြင် သတ်ဖို့ထပ်ကြိုးစားမယ် ဟုတ်လား … ရှင်မသတ်ခင် ရှင့်ကိုအရင်သတ်မယ်"

ထက်ဝင့်ကျော်မျက်နှာက ရုတ်တရက်အမူအရာပြောင်းသွားပြီး မျက်နှာကလည်းကြောက်မက်ဖွယ်ဖြစ်လာကာ လည်ပင်းညှစ်ရန်ရှေ့သို့ တဖြည်းဖြည်းတိုးလာသည်။

"မင်း … မလာနဲ့ … ငါ့အနားကိုမလာနဲ့"

"ရှင့်ကိုသတ်မယ် - ဝိညာဉ်ဘဝရောက်မှပေါင်းမယ်"

"မင်း … မင်း … "

သီဟဇော်နောက်သို့ တဖြည်းဖြည်းဆုတ်သွားကာ နံရံ၌ကျောကပ်လိုက်သည်။ ထက်ဝင့်ကျော်ကအနားသို့ရောက်လာပြီး လက်ကိုမြှောက်၍ သီဟဇော် လည်ပင်းကိုညှစ်ဖို့ လုပ်လိုက်ရာ …

ရှိရင့်အောင်စာခေ

www.burmeseclassic.com

www.burmeseclassic.com



"အား"

သီဟာဇော်ရဲ့ ငယ်သံပါအောင်အော်လိုက်တဲ့အသံကဆူညံစွာ ထွက်ပေါ်သွားသည်။

"ကို ... ဘာဖြစ်တာလဲ"

မျိုးမြတ်မြတ်က အခန်းထဲသို့ပြေးဝင်လာပြီး ခုတင်ပေါ်တွင်ထိုင်လျက် ချွေးများရွှဲစိုနေသည့် သီဟာဇော်ကိုကြည့်ကာ ...

"ကို ... ဘာလို့လဲ ... "

"ဟို ... ဟိုမိန်းမ ... အခန်းထဲမှာရှိတယ်"

မျိုးမြတ်မြတ်က အခန်းကိုလှည့်ပတ်ကြည့်၍

"မရှိပါဘူး ... ဘယ်သူမှမရှိပါဘူး ကိုရဲ့"

"ရှိတယ်သူ ... ကိုယ့်ကိုသတ်ဖို့လုပ်နေတယ်"

"ကို ... အိပ်မက်မက်နေတာပါ ... ခဏလေးကို မျိုး ... သောက်ရေသွားခပ်လိုက်ဦးမယ်"

မျိုးမြတ်မြတ်က အခန်းအပြင်ထွက်၍ သောက်ရေအေးအေး တစ်ခွက်သွားယူကာ ဖန်ခွက်ထဲသို့ရေထည့် ၍ သီဟာဇော်ကိုတိုက်လိုက်သည်။

"မျိုး"

"ပြော ... ကို ... "

"ကိုတို့ရဲ့ကံကြမ္မာကအရမ်းကြောက်ဖို့ကောင်းတာပဲနော်"

"ကိုရယ် ... ဖြစ်လာတဲ့အတိုင်းရင်ဆိုင်ကြတာပေါ့"

ပြော၍ လင်ယောကျ်ားကို တင်းကြပ်စွာဖက်ထားလိုက်လေသည်။

•◆•



နက္ခမပေးပါဘူး လာနေပါရစေ ဆိုတဲ့
ဝိညာဉ်ရဲ့ သနားစဖွယ် တောင်းဆိုတဲ့သံမှာ ...

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးကနောက်ဆုံး အမိန့်ချဖို့အတွက် အမိန့်စာကိုဖတ်ပြနေသည်။

"ဤအမှုတွင် တရားခံဖြစ်သူ ဦးသီဟဇော်အား အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်ချလိုက်သည်။"

"ဟင်"

မျိုးမြတ်မြတ်သူ့ရင်ဘတ်ကိုဖိကာ လဲကျသွားသည်။ အားလုံးရဲ့ အားသံတွေက ဆူညံစွာထွက်ပေါ်လို့လာသည်။

သီဟဇော်က မျိုးမြတ်မြတ်ကိုကြည့်ပြီး ...

"မျိုး ... "

ရဲတပ်သားနှစ်ယောက်က သီဟဇော်ကိုတွဲ၍ခေါ်သွားသည်။

"ဟင်း ... ဟင်း ... "

ရယ်သံတစ်ခုက သီဟဇော်နားထဲတွင်ကြားလိုက်ရသည်။

"တောက်"

သီဟဇော် ပြင်းထန်စွာတောက်ခေါက်လိုက်ပြီး ရဲတပ်သားများခေါ်ရာ နောက်သို့လိုက်ပါသွားတော့သည်။

◆◆◆



## အခန်း (၁၄)

## ခွင့်တောင်းသူ

နောက်ဆုံးစီရင်ချက်ချသည့်နေ့တွင် တရားရုံး၌လူများစည်ကားလို့နေသည်။ တစ်ယောက်တစ်ပေါက် ဝေဖန်သံများကလည်း အမျိုးမျိုးထွက်ပေါ်လို့နေ၏။

မျိုးဝင်းက သီဟဇော်အား ...

"သူငယ်ချင်း _ ဘာမှအားမငယ်နဲ့ အလုပ်ကိစ္စတွေ ငါတာဝန်ထားမင်းစိုးမကလည်း မိန်းမကောင်းတစ်ယောက်ဆိုတော့ မင်းနောက်ကြောင်းမအေးရောမလိုဘူး"

သီဟဇော်က မျိုးဝင်းမျက်နှာကိုကြည့်ပြီး ...

"ကံတရားကိုငါသိပ်ကြောက်သွားပြီ မျိုးဝင်း မမျှော်လင့်ဘဲဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေက မယုံနိုင်စရာပဲကွာ"

"အဲဒါတွေထား ဖြစ်လာသမျှကို ငါတို့အကောင်းဆုံးရင်ဆိုင်ကြတာပေါ့"

မျိုးဝင်းကဖြေသိမ့်နေသည်။ မျိုးမြတ်မြတ်ကတော့ တရှုံ့ရှုံ့ငိုလို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"မမ … မမနဲ့ ညီမလေးလာနေမလို့"

မျိုးမြတ်မြတ်ကမျက်လုံးဖွင့်ကြည့်လိုက်တော့ အခန်းထောင့်တွင် မျက်နှာညှိုးငယ်စွာရပ်နေသည့် ထက်ဝင့်ကျော်ကိုတွေ့လိုက်သည်။

"နင် … ငါတို့ကိုဘာဒုက္ခပေးဦးမလို့လဲ မလာနဲ့သွား သွား"

မျိုးမြတ်မြတ်က အသံကုန်ဟစ်ကာအော်လိုက်သည်။

"ညီမလေးတောင်းပန်ပါတယ် မမရယ်၊ ညီမလေး မမဆီမှာနေပါရစေနော် ညီမလေးရဲ့ဘဝဆုတောင်းမှားခဲ့လို့ အခုဘဝမှာ မချစ်သင့်တဲ့လူကို ချစ်ခဲ့တယ် ဒီအတွက်လည်း အရမ်းခံစားခဲ့ရပါတယ်"

ထက်ဝင့်ကျော်က မျက်နှာငယ်ငယ်နှင့်ပြောနေရှာသည်။ မျိုးမြတ်မြတ်က ဒေါသသံနှင့် …

"နင့်ကြောင့် ငါ့ယောက်ျားထောင်ကျသွားပြီ နင်ငါတို့ကိုထပ်ဒုက္ခမပေးပါနဲ့တော့"

ထက်ဝင့်ကျော်ကပြေးလာပြီး ခုတင်ဘေး၌ ဒူးထောက်ထိုင်ချ၍ ငိုလျှက် …





"မမ … ညီမလေးကိုခွင့်လွှတ်ပါ ညီမလေးတောင်းပန်ပါတယ် ညီမလေး မမနဲ့နေပါရစေနော်"

အကြိမ်ကြိမ်တောင်းပန်လေရာ မျိုးမြတ်မြတ်က သနားတတ်သူဖြစ်တာကြောင့် …

"အေးလေ … နင် ကတိတစ်ခုငါ့ကိုပေး"

"ပေးပါ့မယ် မမပြောပါ"

"ငါတို့မိသားစုကို ဘယ်တော့မှဒုက္ခမပေးပါနဲ့"

"ဟုတ်ကဲ့ပါ"

"ဒါဆို … ငါတို့နဲ့လာနေ"

ပြောလိုက်ရာ ထက်ဝင့်ကျော်မျက်နှာဝင်းပသွားပြီး မျိုးမြတ်မြတ်ထံသို့ ပြေးလာကာ ခါးကိုဒူးထောက်လှမ်းဖက်လိုက်ပြီး …

ပျောက်ကွယ်သွားတော့သည်။

"ဟင်"

မျိုးမြတ်မြတ်လည်း အံ့ဩလွန်း၍ကြောင်သွားသည်။

ထို့နောက် …

ခေါင်းလည်းမူးလာကာ ပြန်၍အိပ်ပျော်သွားလေတော့သည်။ အိပ်ရာ ထနိုးတော့ အိပ်မက်အကြောင်းကို ဒေါ်နန်းထူးအားပြောလိုက်ရာ …

"သမီးအိပ်မက်က ကိုယ်ဝန်ဆောင်ရမယ့် အိပ်မက်၊ သမီးမကြာခင် ကိုယ်ဝန်ဆောင်ရတော့မယ်"

"ဟုတ်လို့လား ဒေါ်နန်းထူးရယ်"

"ဒေါ်နန်းထူးပြောတာယုံပါ၊ သမီးကခွင့်လွှတ်ပေးလိုက်တော့ ဟိုကလေးလာ နေပြီပေါ့ သမီးမှာကိုယ်ဝန်ရှိပြီဆိုတာ မောင်သီဟသိရင်ဘယ်လောက်ဝမ်းသာ လိုက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းထူးပြောတော့ မျိုးမြတ်မြတ်ကမျက်ရည်ကျသည်။

"ကိုသာအခုနေ မျိုးအနားမှာရှိရင် အရမ်းပျော်မှာပဲနော် အခုတော့"

"မငိုပါနဲ့ကွယ် ငါးနှစ်ဆိုခဏလေးပါ သမီးကလေးမွေးပြီးရင် အခုလို ခြောက်ကပ်ကပ်ဘယ်ရှိတော့မလဲ ပျော်စရာကောင်းလာမှာပါ"

"ဟုတ်တော့ဟုတ်ပါတယ်"

ပြော၍ ဒေါ်နန်းထူးကို မျိုးမြတ်မြတ်ကဖက်ထားလိုက်သည်။ မိခင်ရင်းတစ်ယောက်လိုစောင့်ရှောက်ခဲ့သည့် ဒေါ်နန်းထူးကလည်း မျိုးမြတ်မြတ်ကို သံယောဇဉ်အလွန်ကြီးသည်။

မျိုးမြတ်မြတ်ကိုယ်ဝန်ထွက်လာတော့ အစားအသောက်အနေအထိုင်က အစ အစစအရာရာဂရုစိုက်သည်။

မျိုးဝင်းကလည်း လိုအပ်တာမှန်သမျှ မောင်နှမအရင်းတွေလို ကူညီပေးသည်။

"မျိုးမြတ် နင်အားရှိအောင်နေ ဘာမှမတွေးနဲ့ ဟိုကောင်ကြီးကနင့်ဗိုက်ထဲက ကလေးအတွက်ဝမ်းသာနေတာပြောမနေနဲ့"

"ကလေးမွေးပြီးရင်တော့ ကိုကို ကလေးသွားပြရမယ်"

"ခရီးကတအားဝေးတော့ ကလေးပင်ပန်းမှာပေါ့ _ သီဟကလည်း လာစေချင်မှာမဟုတ်ဘူး"

မျိုးဝင်းပြောတာ သဘာဝကျတာကြောင့် မျိုးမြတ်မြတ်လည်းငြိမ်၍ သာနေတော့သည်။

◆◆◆



တခန်းထဲမှာ စန္ဒယားသံကတလိုလိုထွက်
လို့လာတယ် ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

## ဒွေးပျက်နေသူလေး

"ကို ... ဘာတွေစဉ်းစားနေတာလဲ"

ထိုင်ခုံနောက်ကျောမှီကာ မျက်လုံးမှေးစင်း၍စဉ်းစားနေသော သီဟဇော်ကိုကြည့်ကာ မျိုးမြတ်မြတ်ကမေးလိုက်သည်။

"အင်း ဘာရယ်မဟုတ်ပါဘူး မျိုးရယ်"

အတွေးလွန်နေသော သီဟဇော်က ခေါင်းပြန်ထောင်ကာ မျိုးမြတ်မြတ်ကို ပြောလိုက်၏။

"မျိုးကိုမေးရဦးမယ်"

"မေးလေ ... ကို ... "

"ဒေါ်ပုံဆိုးက ဘယ်ကခေါ်လာတာလဲ"

မထင်မှတ်တဲ့မေးခွန်းကြောင့် မျိုးမြတ်မြတ်က နားမလည်သလိုဖြစ်သွားသည်။

"ဘာလို့လဲ ကို ... ကိုသဘောမကျလို့လား"





"မဟုတ်ပါဘူး သူကြည့်ရတာတစ်မျိုးပဲ သမီးလေးကိုတော့ဂရုစိုက်ပါတယ် ... ဒါပေမယ့် သူမျက်လုံးတွေကို ကိုယ်မကြိုက်ဘူး"

"ဒေါ်ပုံဆိုးက ဒီအတိုင်းပဲနေတတ်တယ် ကိုရဲ့ ရုပ်ကဆိုးပေမယ့် သမီးလေးကိုအရမ်းချစ်တာ ကလေးထိန်းဖို့လည်းသီးသန့်ခေါ်ထားတာမဟုတ်ဘူး သူကိုယ်တိုင်လာပြောတာ"

သီဟဇော်လေးနက်စွာတွေးလိုက်ပြီး ...

"သူ ... ဘယ်သူ့အဆက်အသွယ်နဲ့ လာတာလဲမျိုး"

"ဟင့်အင်း ... ခြံထဲကိုသူ့ဘာသာသူဝင်လာပြီး ကလေးထိန်းချင်လို့တဲ့ ထမင်းပဲကျွေးပါ လစာနဲ့မပေးပါနဲ့ဆိုပြီး လာတောင်းပန်တာ"

"ဒေါ်ပုံဆိုးရဲ့ပုံကရိုးရိုးသားသားဆိုတော့ လက်ခံလိုက်တာပါ"

မျိုးမြတ်မြတ်ကသေချာရှင်းပြတော့ သီဟဇော် ဘာမှဆက်မပြောတော့ဘဲ နေလိုက်သည်။ မျိုးမြတ်မြတ်ကဆက်၍ ...

"အခုချိန်မှာ သမီးလေးကိုဒေါ်ပုံဆိုးကို အရမ်းခင်တွယ်နေတယ်ကိုရဲ့ ထမင်းကျွေးတာတောင် သူကျွေးမှစားတာ ရေချိုးအဝတ်အစားလဲတာအဆုံးထိပေါ့ အိပ်ချိန်တစ်ခုပဲ မအေနားကပ်တာ"

သီဟဇော်က မျိုးမြတ်မြတ်ပြောတာကို ခေါင်းညိတ်လိုက်ပြီး မတ်တတ်ထရပ်လိုက်သည်။

"လာ ... မျိုး ကိုယ်တို့ သမီးလေးစန္ဒယားတီးတဲ့ ဆီကိုသွားရအောင်"

"သွားမယ်လေ"

သူတို့နှစ်ယောက် လှေကားမှတစ်ဆင့် အပေါ်ထပ်သို့တက်လာခဲ့ကြသည်။

စန္ဒယားတီးတဲ့အခန်းတွင် သွန်းရတီက စန္ဒယားတီးတာကို ဒေါ်ပုံဆိုးက ဘေးမှရပ်ကာ နားထောင်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒယားတီးသံက ကလေးတစ်ယောက်တွေ့ရာ ခလုတ်ကိုနှိပ်၍ တီး ခြင်းမျိုးမဟုတ်ဘဲ ပညာရှင်တစ်ယောက်က အကွက်ကျကျ အနိမ့်အမြင့် ညည်းချက်ညီသလိုတီးနေခြင်းမျိုးဖြစ်သည်။

သီဟဇော်နှင့် မျိုးမြတ်မြတ်အခန်းထဲဝင်လာတာမြင်တော့ သွန်းရ စန္ဒယားတီးတာကိုရပ်လိုက်၏။

''သမီး ... ထမင်းစားမယ်လေ''

''လာပါ သမီးရယ်ဖေဖေတို့မိသားစုသုံးယောက် ထမင်းအတူတူစား မယ်လေ''

''မစားချင်ဘူးလို့ပြောနေတယ်နော်''

သွန်းရတီကအော်တော့ သီဟဇော်က မျိုးမြတ်မြတ်ကို ကြည့်လိုက် သည်။

''သမီးကလည်းကွာ တို့မိသားစုသုံးယောက်တည်းရှိတာ ထမင်းအတူ တူစားကြတာပေါ့''

''အမေကြီးရောမပါဘူးလား''

ဒေါ်ပုံဆိုးကိုလက်ညှိုးထိုး၍ သွန်းရတီကပြောလိုက်သည်။

''ပါပါတယ် သမီးရယ် ဒေါ်ပုံဆိုးကိုသမီးခေါ်ခဲ့ ထမင်းစားမယ်''

မျိုးမြတ်မြတ်ကပြော၍ သီဟဇော်လက်မောင်းကိုကိုင်ကာ အခန်းအပြင် သို့ထွက်လာခဲ့သည်။

ထမင်းစားခန်းတွင် ထမင်းစားတော့လည်း သွန်းရတီကဒေါ်ပုံဆိုးထည့် ပေးတာကိုသာစား၏။ သီဟဇော်ထည့်ပေးတာကိုတို့ပင်မကြည့် မျိုးမြတ်မြတ် က ...

''သမီးကြက်သားကြိုက်တယ်မလား စားလေ''

''ဟင့်အင်း ... မကြိုက်တော့ဘူး''





ဒေါ်ပုံဆိုးထည့်ပေးသည့် ငါးကြော်နှင့်သာစားနေလေသည်။ သီဟဇော် နှင့် မျိုးမြတ်မြတ်တို့ထမင်းစား၍ မပြီးခင်မှာပင် သွန်းရတီကထ၍ ဒေါ်ပုံဆိုး ကိုခေါ်ကာ အခန်းအပြင်သို့ထွက်သွားသည်။

''ကိုယ်သတိထားမိတာရှိတယ်မျိုး''

''ဘာများလဲ ကို''

''သမီးလေးက ကိုယ်နဲ့မျိုးနှစ်ယောက်အတူရှိနေရင် ကိုယ်တို့ကို စကားမပြောတော့ဘူး''

''သူ့ကိုမချစ်တော့မှာစိုးလို့နေမှာပေါ့''

''ကိုယ်လည်း မသိတော့ဘူးကွာ ဘယ်လိုနားလည်ရမှန်းကိုမသိတော့ ဘာ ကိုယ့်မိသားစုလေးပျော်ပျော်ရွှင်ရွှင်နဲ့ အရမ်းဖြစ်ချင်တာ''

သီဟဇော်စကားကြားတော့ မျိုးမြတ်မြတ်ကစိတ်မကောင်း ခေါင်းကို ငုံ၍ထမင်းကိုသာ စားနေလေတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

ညအမှောင်ကတိတ်ဆိတ်လို့နေသည်။ လရောင်ဖွေးဖွေးလေးကလည်း ထိန်နေအောင်သာနေကာ ဆောင်းနှင်းပွင့်တို့ကလည်းဝေလို့နေ၏။ သီဟဇော်လည်းအိပ်မပျော်သဖြင့် ဘေးတွင်အိပ်မောကျနေသည့် ဇနီးသည်ကိုတစ်ချက်ကြည့်ကာ အိပ်ရာမှထ၍ ခုတင်ပေါ်မှဆင်းလိုက်သည်။

“ဟင်”

စန္ဒယားသံတိုးတိုးလေးက ရုတ်တရက်သူ့နားမှာကြားလို့လာသလို ထင်ရသဖြင့် သမီးလေးများတီးနေတာလားဟုတွေးကာ အခန်းထဲမှထွက်လာခဲ့သည်။

မီးကပျက်နေသော်လည်း ကိုယ့်အိမ်ထဲမှာဖြစ်တာကြောင့် သီဟဇော်အတွက်သွားရလာရတာ အခက်အခဲမရှိလှ။

အိမ်ရှေ့ညှေ့ခန်းထဲရောက်တော့ လှေကားမှတစ်ဆင့် အပေါ်ထပ်စန္ဒယားတီးသည့် အခန်းသို့လျှောက်လာခဲ့သည်။ စိတ်ထဲမှာကြက်သီးထသလိုလို ဒါမှမဟုတ် တစ်ယောက်ယောက်က သူ့နောက်မှလိုက်လာသလိုလို ခံစားရသည်။

စိတ်ထဲထင်တာပါဟုတွေးမိပြီး တစ်လှမ်းချင်းလျှောက်လာပြီး စန္ဒယားတီးသည့် အခန်းထဲသို့ကြည့်လိုက်သည်။





“ဟင်”

အခန်းထဲမှာ ဘယ်သူမှမရှိ ... အခန်းပြတင်းပေါက် မှန်လိုက်ကာရှည်လေးများကတော့ လွင့်လို့နေသည်။

“ငါ ... စိတ်ကထင်နေတာများလား”

စိတ်ထဲကတွေးလိုက်သော်လည်း စန္ဒယားခုံအနက်ကြီး၏ ခလုတ်ဖြူဖြူများရွေ့လျားလို့နေသည်။

အခန်းထဲသို့ဝင်၍လည်းမကြည့်ရဲ စန္ဒယားသံတိုးတိုးလေးကထွက်ပေါ်လို့နေဆဲပဲလေ ...

သီဟဇော်လည်း ခဏကြည့်နေရင်း နားထဲကြားနေတဲ့ စန္ဒယားသံက လွဲ၍ ဘာမှထူးခြားမှုမရှိတာကြောင့် နောက်သို့လှည့်လိုက်ရာ ...

“ဟင် ... ”

ဂါဝန်ဖြူဖြူ ဆံပင်ဆုတ်ဖွားနှင့် သွန်းရတီကသူ့ကိုစိုက်ကြည့်လို့နေသည်။

“သ ... သမီး”

သီဟဇော်ခေါ်လိုက်ရာ သွန်းရတီက ...

“အနားကို မလာနဲ့နော်”

အသံအစ်အစ်ကြီးဖြင့်ပြောလိုက်၏။

“သမီးက တရေးနိုးတာလား စန္ဒယားတီးချင်လို့လား မနက်မှတီးနော်”

သီဟဇော်ရှေ့သို့တိုးလာရာ သွန်းရတီက နောက်သို့ဆုတ်ကာဆုတ်ကာဖြင့် ...

“မလာနဲ့ ... အနားကိုမလာနဲ့”

“ဘာလို့လဲသမီးရဲ့၊ ဖေဖေလေ သမီးရဲ့ဖေဖေလေ”

“မသိဘူး ... အနားကိုဆက်မတိုးနဲ့နော်”



www.burmeseclassic.com

www.burmeseclassic.com



သွန်းရတီကပြောရင်း ပြောရင်း လှေကားထိပ်၌ ကျောခိုင်းလျှက် ပျောက်လို့သွားရာ သီဟဇော်လွန်စွာစိတ်ပူလို့သွားသည်။

"သမီး ဖေဖေရှေ့မတိုးနဲ့ဆို မတိုးတော့ဘူး ... သမီးနောက်မဆုတ် လိုက်နဲ့နော် လှေကားကနေအောက်ပြုတ်ကျမယ်"

သွန်းရတီရဲ့ပုံက ပုံမှန်မဟုတ် သူစိတ်ထဲမှာ သီဟဇော်က သူ့ကို တစ်ခုခုလုပ်မှာ စိုးရိမ်နေ ပုံရသည်။

"သမီး ... လာပါ ... ဖေဖေလေ"

"မလာဘူး ... ဘာမှလာမပြောနဲ့"

အသံကုန်ဟစ်၍ ခြေထောက်တစ်ဖက်နောက်သို့ ယိုင်သွားရာ ...

"သမီး ... "

"ဒိုး ... "

"အား ... "

သွန်းရတီ ခြေချော်ကာလှေကားအတိုင်း အောက်သို့ပြုတ်ကျသွားလေသည်။

◆◆◆



ကိုယ့်သမီးကို ကိုယ်သတ်တာဟု
စွပ်စွဲတဲ့မိန်းမကြီး၏ မျက်နှာမှာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## ဘာလောင်းပျောက်သွားပြီ

''မျိုး ... ကို သမီးလေးကိုသတ်တာမဟုတ်ပါဘူး မျိုးရယ် ... ယုံပါ''

ခေါင်းတစ်လုံးသွေးတွေရွှဲစိုနေသည့် သွန်းရတီကိုကြည့်ကာ သွေးပျက် နေသော မျိုးမြတ်မြတ်ကို သီဟဇော်ကချောက်ချားစွာရှင်းပြသည်။

''ကို စန္ဒယားတီးသံကြားလို့ အပေါ်ထပ်ကိုတက်ကြည့်ပြီး လှည့်အထွက် မှာ သမီးလေးနဲ့တွေ့တာ''

အဖြစ်အပျက်တို့ကို သွန်းရတီကိုပွေ့ထားရင်း သီဟဇော်ကရှင်းပြ သည်။ ဒေါ်ပုံဆိုးက သွန်းရတီကိုမျက်ရည်များကြားမှတွေတွေကြီး ကြည့်နေသည်။ မျိုးမြတ်မြတ်က ယူကျုံးမရဖြစ်ကာ ...

''အဖြစ်ဆိုးလှချည်လား သမီးရယ် မေမေဘယ်လိုဖြေရမလဲ''

ဒေါ်နန်းထူးက မျိုးမြတ်မြတ်ပခုံးကိုဖက်ကာ နှစ်သိမ့်လို့နေသည်။

''တောက်''





ထိုစဉ် ... တောက်ခေါက်သံပြင်းပြင်းက အခန်းထဲတွင်ကျယ်လောင်စွာ ထွက်ပေါ်လို့လာသည်။

''ဒေါ်ပုံဆိုး ဘာဖြစ်တာလဲ''

သီဟဇော်က လှမ်းမေးလိုက်ရာ ဒေါ်ပုံဆိုးက မတ်တတ်ထရပ်၍ လက်တစ်ဖက်က ခါးကိုထောက်၍ ကျန်လက်တစ်ဖက်က သီဟဇော်ကို လက်ညှိုး ထိုးကာ ...

''နင် ... ငါ့သမီးကိုသတ်တာ နှစ်ခါရှိသွားပြီ တစ်နေ့နင်သတ်မှာကို ငါသိလို့ ဒီအိမ်မှာငါလာနေတာ ... အခု ငါအိပ်မောကျနေတုန်း နင်ခေါ်သတ်တာ မလား''

လွန်စွာပေါက်ကွဲနေသော ဒေါ်သသံကြီးဖြင့်ပြောလိုက်သည်။

''မဟုတ်ဘူး ခင်ဗျားဘာတွေလာပြောနေတာလဲ ... ဒါကျုပ်သမီး ကျုပ်ကဘာလို့သတ်မှာလဲ''

''နင့်သမီးဆိုတာမှန်တယ်၊ ဒါပေမယ့်သွန်းရတီက ထက်ဝင့်ကျော် ဝင်စားတာ ပထမတစ်ခါနင့်ကို အစွဲအလမ်းကြီးလို့သေခဲ့တယ် ... နောက်နင် ပြန်တွေ့အောင် ဒီအိမ်ကြီးမှာပဲနေမယ်လို့ အိပ်မက်လာပေးလို့ငါလာနေတာ အခုတော့ ... နင်တကယ်ထပ်သတ်ပြန်ပြီ''

သီဟဇော်က သူ့သမီးလေးကိုပွေ့ထားရင်း ဒေါ်ပုံဆိုးအား ...

''ခင်ဗျားသိအောင်ထပ်ပြောမယ် ထက်ဝင့်ကျော်ကိုလည်း ကျုပ်မသတ်ဘူး ကျုပ်သမီးကိုလည်းကျုပ်မသတ်ဘူး ... ခင်ဗျားသာကျုပ်ကို ကလဲ့စားချေ ချင်လို့ ကျုပ်သမီးလေးကို စိတ်ဝေဒနာသည် ဖြစ်အောင်လုပ်ခဲ့တာမလား ...

သချိုင်းမှာတွေ့ခဲ့တဲ့ အဘွားကြီးက ခင်ဗျားနဲ့ဘယ်လိုပတ်သတ်လဲ''

''ငါ့အမေပဲ ... သူကလည်းနင့်ကိုလက်စားချေချင်နေတာ သွန်းရတီ ကို ငါ့သမီးဝင်စားတာဆိုပြီး ငါတကယ်ချစ်ခဲ့တာ ဘာစိတ်ဝေဒနာမှမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



သူဟာတစ်ချိန်က ထက်ဝင့်ကျော်ဆိုတာတော့ ငါပြောပြခဲ့တယ် ဘာလို့
လဲ သီလား စနွယားတီးတာသင်စရာမလိုတော့တဲ့ သူ့ကို တခြားအတွေးတွေ
ဝင်မှာစိုးလို့ပြောခဲ့တာ''

ဒေါ်ပုံဆိုးကပြောပြီး သီဟဇော်လက်ထဲက သွန်းရတီအလောင်းကို
အတင်းလာလုရာ သီဟဇော်ကလုံးဝမပါမခံ။

''တော်ကြပါတော့ သမီးလေးလည်းသေနေပါပြီ''

မျိုးမြတ်မြတ်က ငိုသံကြီးနှင့်ထပြောမှ အလောင်းလုတာကိုရပ်လိုက်
ကြသည်။

ဒေါ်ပုံဆိုးက ...

''နင်မပေးလည်းရတယ် အလောင်းကို သင်္ချိုင်းကစောင့်ယူမယ်''

ပြောကာ အိမ်ထဲမှထွက်သွားလေတော့သည်။

•◆•

ရှိရင့်အောင်စာပေ

သွန်းရတီအုတ်ဂူလေးရှေ့တွင် သီဟဇော်နှင့်မျိုးမြတ်မြတ်တို့မတ်တတ်
ရပ်ကာ မျိုးမြတ်မြတ်ကလက်ထဲမှ နှင်းဆီပန်းတို့ကို အုတ်ဂူပေါ်တင်ပေးလိုက်
သည်။

''မျိုး ... ကိုယ်တို့သမီးလေးကောင်းရာမွန်ရာရောက်ပါစေလို့ ဆုတောင်း
ရအောင်နော်''

''ကိုရယ်''

မျိုးမြတ်မြတ်က သီဟဇော်ကလက်မောင်းကိုကိုင်ကာ မျက်ရည်များကျ
လာသည်။

''ကိုယ်လေ ... ထက်ဝင့်ကျော်သေတုန်းကလည်း ကိုယ်မသတ်ပါဘူး
သူ့ဘာသာလှေကားက ပြုတ်ကျတာပါ ... ''

''ကို ... မျိုး အားလုံးသိပြီးသားတွေပဲ ထက်ဝင့်ကျော်နဲ့သမီးလေး
ဟာ တစ်ယောက်တည်းဆိုရင်တောင် သူတို့ဟာဘယ်ဘဝက ကျိန်စာတွေသင့်
ခဲ့ကြတယ်မသိဘူးနော် ...

ကျိန်စာတွေသင့်လို့သေခဲ့ကြတယ်ဆိုရင် ဒီဘဝနဲ့ပဲကျေပါစေတော့လို့
မျိုးတို့ဆုတောင်းကြရအောင်နော်''

ရှိရင့်အောင်စာပေ

www.burmeseclassic.com



မျက်ရည်တွေနှင့်ပြောတဲ့ မျိုးမြတ်မြတ်ကို သီဟဇော်က ခေါင်းညိတ်[illegible] ပြလိုက်သည်။

''သမီးလေးဟာ စိတ်ဝေဒနာသည်ဆိုတာ ကိုယ့်ကိုတာလျှိုကြိုမပြော[illegible] ထား တာလဲမျိုးရယ်''

''သမီးလေးက အချိန်တိုင်း အဲဒီလိုဖြစ်နေတာမဟုတ်ဘူး ကို[illegible] တစ်ခါတလေမှ ထဖောက်တာ အဲဒီအခါကျရင် သူ့ကိုယ်သူထက်ဝင့်ကျော်တဲ့[illegible]

အိမ်လှေကားကို ပြပြီး သူအဲဒီလှေကားကပြုတ်ကျသေတာတဲ့[illegible] နောက်တစ်ခါသေရင်လည်း လှေကားကသေမှာတဲ့ တစ်ခါတစ်ခါညဘက်ထ[illegible] စန္ဒယားကီးတတ်တယ် မနက်နိုးလို့မေးရင် ဘာမှမသိဘူး''

သီဟဇော်က သမီးလေးအုတ်ဂူကို ရီဝေဝေနှင့်ကြည့်၍ ...

''စိတ်နယ်လွန့်ဖြစ်ရပ်တွေဟာ တစ်ခါတလေအရမ်းကိုဆန်းကြယ် တ[illegible] မျိုးရဲ့ အတွေးနဲ့တောင်လိုက်မမှီဘူး အေးလေဘာပဲဖြစ်ဖြစ် ကိုယ်တို့သမီး [illegible] ကိုယ်တို့နဲ့ဒီလောက်ပဲနေရမယ်ဆိုတဲ့ ကံပါလာတာတော့လည်း ... ''

ပြောရင်းစိတ်မကောင်းဖြစ်လာတာနှင့် မျိုးမြတ်မြတ်လက်ကိုဆွဲ[illegible] အုတ်ဂူရှေ့မှထွက်လာခဲ့သည်။

သင်္ချိုင်းမှထွက်လာတော့ အဝတွင်သုဘရာဇာကြီးနှင့်တွေ့တော့[illegible]

''ခင်ဗျားတို့ ဟိုကလေးအုတ်ဂူကိုလာတာလား''

''ဟုတ်တယ် သုဘရာဇာကြီး''

သီဟဇော်ဖြေလိုက်သည်။

''ဂူထဲမှာ အလောင်းမရှိတော့ဘူးဗျ၊ ဟိုတစ်ညကဂူဖောက်ခံရတာ[illegible] သက်ဆိုင်ရာကို ကျုပ်အကြောင်းကြားထားတယ် အလောင်းကိုဖောက်ယူ[illegible] တဲ့နေရာကို အင်္ဂတေနဲ့ကျုပ်ပြန်ပိတ်ထားတယ် ...

ခက်တယ်ဗျာ ... သေသွားတဲ့အလောင်းကိုခိုးပြီး ဘာလုပ်[illegible]





[illegible]ဘူး''

သီဟဇော်နှင့် မျိုးမြတ်မြတ်တို့တစ်ယောက်မျက်နှာ တစ်ယောက် [illegible]ကြည့်လိုက်ကြသည်။

သုဘရာဇာကြီးက ...

''စိတ်ထဲတော့ ဘာမှမထားနဲ့ သေတဲ့အလောင်းကို ဘာမှလုပ်လို့မရ[illegible]ဘူး''

''ဟုတ်ကဲ့''

သုဘရာဇာကြီးထွက်သွားတော့ မျိုးမြတ်မြတ်က ...

''ဘယ်လိုလုပ်မလဲ ကို''

''ဘာမှမလုပ်တော့ပါဘူး၊ သမီးလေးအလောင်းရှိမယ့်နေရာကို ကိုယ်[illegible]တယ်''

''ဘယ်နေရာလဲ ... ကို''

''ထက်ဝင့်ကျော် အုတ်ဂူထဲမှာပေါ့''

သီဟဇော်ကပြော၍ မျိုးမြတ်မြတ်နှင့်အတူ သင်္ချိုင်းအပြင်သို့ထွက်လာ[illegible] ...

''ဟား ... ဟား ... ဟား ... ''

အလွန်ကြောက်မက်ဖွယ် ရယ်မောသံကြီးက သင်္ချိုင်းမှထွက်ပေါ်လို့လာ[illegible] သင်္ချိုင်းအပြင်မှာရပ်ထားသည့် ကားပေါ်တက်ကာမောင်းထွက်လာတော့ [illegible]

✦◆✦



www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီး
နှစ်ပေါင်း နှစ်ဆယ်ခန့်ကြာသောအခါ ...

အခန်း (၁၇)

## တတိယပိုင်း

ရွှေခြသေ့်ကုမ္ပဏီက နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရာမှာ မြန်မာပြည်ဈေးကွက်တွင် အလွန်မှကို နာမည်ရနေသည်။ ကုမ္ပဏီရုံးချုပ်က ရန်ကုန်တွင်ရှိပြီး နယ်မြို့များတွင်လည်း ရုံးခန်းပေါင်းမြောက်မြားစွာရှိ၏။

နယ်နှင့် ရန်ကုန်တွင်လည်း စက်ရုံပေါင်းမြောက်မြားစွာရှိသည်။

"သီဟ ... အလုပ်သမားအသစ်ခေါ်ထားတဲ့ လျှောက်လွှာအသစ်တွေ မင်းကိုယ်တိုင် အင်တာဗျူးမလို့ဆို"

"အေး ထားခဲ့ကွာ အင်တာဗျူးက ဆယ်နာရီမလား"

"အေး ဟုတ်တယ်"

အတွေတွေမန်နေကျာ ဦးမျိုးဝင်းကအခန်းထဲကထွက်သွားတော့ မန်နေဂျင်းဖြစ်သူ ဦးသီဟဇော်က ကိုယ်ရေးရာဇဝင်ဖောင်းများကို တစ်ရွက်ချင်းကြည့်လိုက်သည်။

အလုပ်လာလျှောက်သူ အများစုမှာ မိန်းကလေးများဖြစ်ပြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အနိုင်အနေအထားက စာရင်းကိုင်နေရာဖြစ်တာကြောင့် လျှောက်သူများထဲတွင် ယောက်ျားလေးနည်းနေခြင်းလည်းဖြစ်သည်။

"ဟင်"

လျှောက်လွှာစာရွက်တွင်တွေ့လိုက်ရသည့် ဓာတ်ပုံကြောင့် ဦးသီဟဇော် မျက်လုံးပြူးလို့သွားသည်။

"ထက်ဝင့်ကျော်နဲ့တစ်ထပ်တည်းပါလား"

ဓာတ်ပုံကိုသေချာကြည့်လိုက်သည်။ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ့်ငါး နှစ်က ထက်ဝင့်ကျော်ပုံစံနှင့် ဓာတ်ပုံထဲကပုံစံကတစ်ထပ်တည်းတူလို့နေသည်။

နာမည်အသက်တို့ကို သေချာအောင်ဖတ်လိုက်တော့ ...

"ရတီဝင့်ကျော် အသက် ဆယ့်ကိုးနှစ်"

ဦးသီဟဇော် မျက်လုံးများထဲတွင် ထက်ဝင့်ကျော်ကိုတစ်လှည့် သမီးလေး သွန်းရတီကိုတစ်လှည့် မြင်လို့လာသည်။

"ငါစိတ်ထင်တာများဖြစ်နေမလား ဘာပဲဖြစ်ဖြစ်ခေါ်ပြီး အင်တာဗျူးကြည့်တာကောင်းမယ်ထင်တယ်"

တွေး၍ သူ့အခန်းထဲက အတွင်းရေးမှူးမလေးအား ...

"အေးငြိမ်းရေ ... အင်တာဗျူးလုပ်ရအောင် တစ်ယောက်ချင်းခေါ်လိုက်ပါ"

"ဟုတ်ကဲ့ MD"

အတွင်းရေးမှူးမလေးက အခန်းအပြင်သို့ထွက်သွားပြီး မကြာမီအလုပ်လာလျှောက်သူတစ်ယောက်ပြီးတစ်ယောက်ဝင်လာသည်။

ရတီဝင့်ကျော် အခန်းထဲသို့ဝင်လာသောအခါ ...

"ဟင်"

ဦးသီဟဇော်မျက်လုံးတွေပြူးလို့သွားသည်။ တစ်ချိန်က ထက်ဝင့်ကျော်





ကို မျက်လုံးထဲပြေးမြင်လို့လာ၏။

"မင်း ... မင်း"

အံ့ဩလွန်း၍ ပါးစပ်ကလွှတ်ခနဲထွက်သွားသည်။ ရတီဝင့်ကျော်ကတော့ သူ့အရှေ့ထိုင်ခုံတွင် ရိုသေစွာဝင်ထိုင်လိုက်သည်။

ဦးသီဟဇော်က ...

"မင်းနာမည် ရတီဝင့်ကျော်နော်"

"ဟုတ်ကဲ့ပါ"

ရတီဝင့်ကျော်က တရိုတသေဖြေသည်။

"မင်း ... ဘာဝါသနာပါလဲ"

"ရှင်"

မထင်မှတ်တဲ့ မေးခွန်းကိုမေးတာကြောင့် ရတီဝင့်ကျော်အံ့ဩသွားသည်။

"ဒီလိုပါ လူတွေမှာ ကိုယ်ကြိုက်နှစ်သက်ရာကို စွဲလမ်းတတ်တဲ့ အရူးအကျင့်ကိုပြောတာပါ ...

ဥပမာ ... အားကစားထဲက တစ်ခုခု ဒါမှမဟုတ် ဂီတစာပေတို့လို အဲဒါတွေကိုမေးတာ"

"ပိုလေ ... ရတီဝါသနာပါတာ စန္ဒယားတီးတာပါ"

"ဟင်"

အခုတစ်ခါအံ့ဩသွားတာက ဦးသီဟဇော်ပင်ဖြစ်သည်။ ရတီဝင့်ကျော် ဦးသီဟဇော်မျက်နှာကို အကဲခတ်လိုက်ပြီး ...

"ရတီ ... ဖြေတာမှားသွားလို့လားဟင်"

"မမှားပါဘူး ကောင်းပါတယ် ... စန္ဒယားကို ကျွမ်းကျင်စွာတီး တီးတတ်လား ဘယ်ဆရာနဲ့သင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တီးတတ်ပါတယ်၊ ရတီ ဘယ်ဆရာဆီကမှမသင်ခဲ့ပါဘူး၊ အဲဒီလိုပြောလို့ ဦးယုံပါ့မလား"

ရတီဝင့်ကျော်မေးတော့ ဦးသီဟဇော်ခေါင်းကိုညိတ်ကာ ...

"ယုံပါတယ် ‗ တချို့ကအလွန်ထူးခြားတဲ့ မွေးရာပါ ပါရမီရှင်တွေ ရှိပါတယ် သုတစာစောင်တွေမှာ ဖတ်ဖူးပါတယ်၊ အသက်ငါးနှစ်လောက်နဲ့ တက္ကသိုလ်ဝင်တန်း သင်္ချာတွေတွက်နိုင်တာတွေပေါ့"

"ရတီလေ ‗ အိပ်မက်ခဏခဏမက်တယ် အဲဒီအိပ်မက်ကထူးဆန်းတယ် ဦးရဲ့၊ ရတီမက်တဲ့အိပ်မက်က ယောကျ်ားတစ်ယောက်ရဲ့ရုပ်ပုံလွှာကိုပဲ မက်တာ"

"ဟုတ်လား"

ဦးသီဟဇော်က စိတ်ဝင်စားသဖြင့် စကားကိုထောက်ပေးလိုက်သည်။ ရတီဝင့်ကျော်က ...

"ပြီးတော့ ... စန္ဒယားတီးတယ် ... အခန်းထဲကထွက်ပြီး အဲဒီယောကျ်ားကို ပြေးအဖက်မှာ လေ့ကားပေါ်ကပြုတ်ကျတယ်ဒါပဲ"

"ဟင်"

"ရတီ ‗ ငယ်ငယ်က ခဏခဏမက်ပေမယ့် အသက်ငါးနှစ်ကျော်တော့ တစ်နှစ်တစ်ခါလောက်ပဲ မက်တော့တယ်"

"ဘယ်ရက်မှာ မက်တာလဲ"

"ဒီဇင်ဘာ တစ်ရက်ည"

"ဟင်"

တိုက်ဆိုင်လွန်းတဲ့ အဖြစ်အပျက်တွေကြောင့် ဦးသီဟဇော်ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဘဝသုံးခုဆက်လာခဲ့တွေ့ရသည့် သူနှင့်ဆန်းကြယ်လှသည့် ကံကြမ္မာ





ကို ဦးသီဟဇော်မယုံနိုင်လောက်အောင် ဖြစ်ရသည်။

အလုပ်အင်တာဗျူးပုံစံ မဟုတ်ဘဲ မိတ်ဆွေတွေလိုစကားပြောနေတာဖြစ်၍ ဦးသီဟဇော်က ...

"ရတီဝင့်ကျော် ဦးတို့ကုမ္ပဏီမှာ အလုပ်လာလျှောက်တာဆိုတော့ ဘယ်နေရာမှာ အလုပ်လုပ်ဖို့လျှောက်တာလဲ"

"ဟုတ်ပါတယ် ဦးရယ် အလုပ်ကိစ္စကနေ ရတီကိုယ်ရေးကိုယ်တာပိုင်းရောက်သွားတယ် ရတီစာရင်းကိုင်နေရာလျှောက်ချင်ပါတယ်၊ သင်တန်းတွေလည်း တတ်ထားပါတယ်"

"ကောင်းပြီလေ လာမည့်လဆန်းတစ်ရက်နေ့ကစပြီး အလုပ်လာဆင်းပါ"

"ဝမ်းသာလိုက်တာ ဦးရယ်"

ရတီဝင့်ကျော်ရဲ့မျက်နှာမှာ တကယ်ပင်ကြည်နူးရိပ်တို့ဖြင့် ဖြတ်သန်းသွားသည်။ ဦးသီဟဇော်ကိုလည်း သေချာစွာကြည့်၍မှတ်တတ်ထရပ်ပြီး ...

"ပြန်လို့ရပြီလား ... ဦး"

"ရပါပြီ"

"ဦးကိုပြောခဲ့ဦးမယ် ရတီအိပ်မက်မက်ခဲ့တဲ့ အိပ်မက်ထဲကယောကျ်ားတစ်ယောက်ဆိုတာ ဘယ်သူလဲ သိလား ဦး"

"နေ ... နေ ... "

ဦးသီဟဇော်လက်ကာပြလိုက်သည်၊ ရတီဝင့်ကျော်ရဲ့မျက်နှာတည်သွားပြီး ...

"ရတီပြောခဲ့ပါရစေ ဦးယုံချင်ယုံ မယုံချင်နေပါ ရတီအိပ်မက်မက်ခဲ့တဲ့ အိပ်မက်ထဲကယောကျ်ားတစ်ယောက်ဟာ ဦးပဲ"

ပြော၍ ဦးသီဟဇော်ကို ကျောခိုင်းကာ အခန်းထဲကအပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ဝင်လာသည့် ဦးမျိုးဝင်းနှင့်တိုး၍ ဦးမျိုးဝင်းကရုတ်ဝင့်ကျော်ကို မြဲဘုဆာန်ဖြင့်ကြည့်လိုက်ကြသည်။

ပြီးနောက် ...

ဦးသိဟဇော်ရှေ့မှာလာရပ်ပြီး ...

"ခုန ... ကလေးမလေးကို ငါမြင်ဖူးသလိုပဲ သိဟ"

"ဟင်"

သိဟဇော်က သက်ပြင်းချလိုက်သည်။

"သိဟ ... မင်းနဲ့လည်း သိလို့လား"

"သိတာမှ ရင်းရင်းနှီးနှီးကိုသိတာ တစ်ခါဝထဲမဟုတ်ဘူး သုံးခါဝ ဆက်တိုက်သိတာ"

"ဟေ"

ဦးမျိုးဝင်းမျက်လုံးပြူးသွားသည်။

"မင်း ... ထက်ဝင့်ကျော်ကိုသိမှာပေါ့"

"သိတာပေါ့ကွာ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကျော်က မင်းကိုဒုက္ခပေး ခဲ့ဘဲ့ မိန်းမလေ"

"အေး ... အခုန မင်းတွေ့လိုက်တာ ထက်ဝင့်ကျော်ပဲ"

ဦးမျိုးဝင်းခေါင်းကို သွက်လက်စွာရမ်းလိုက်ပြီး ...

"မဖြစ်နိုင်ပါဘူးကွာ တို့အသက်တွေပဲ ငါးဆယ်ကျော်နေပြီ ခုနကောင် မလေးက ရှိမှနှစ်ဆယ်လောက်ပေါ့"

"အေးလေ ... မင်းကဘယ်သိပါ့မလဲ"

"မင်းကို ဒုက္ခပေးတဲ့လူနဲ့ တစ်ထပ်တည်းတူနေတာဆိုတော့ မင်း အလုပ်မခန့်လိုက်ဘူးပေါ့"

"ခန့်လိုက်တယ်"





"ဟင် ... ဘာလို့ခန့်လိုက်တာလဲ"

"ဝဋ်ကြွေးတွေကျေအောင်ဆပ်ချင်လို့"

ဦးသိဟဇော် ပါးစပ်ကစကားလုံးတွေ တစ်လုံးချင်းထွက်လာလေတော့ သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဘဝလုံးသေခဲ့ပြီး အခုဘဝမှာလည်း

အခန်း (၁၈)

## အကြင်နာဆက်သူ

"ဦး … ထမင်းစားတော့မလား ရတီ ဦးအတွက်ထမင်းပိုထည့်လာတယ်"

နေ့လယ်ထမင်းစားချိန်အရောက်တွင် ရတီဝင့်ကျော်က ထမင်းဘူးလေးကိုကိုင်ကာ ဦးသီဟဇော်အခန်းထဲသို့ဝင်လာသည်။

"ရတယ် … သမီး ဦးမဆာသေးပါဘူး"

"ဆယ့်နှစ်နာရီထိုးနေပြီ ထမင်းဆာမှာပေါ့ ဦးကြိုက်တဲ့ ငါးခူဆီပြန်ချက်လာတယ်"

"ဟင်"

ရတီဝင့်ကျော်က ရုံးရောက်တာသိပ်မကြာသေး သူ့အကြိုက်ဟင်းကို တန်း၍သိနေသည်။

"စားရအောင်နော် … ဦး … ရတီ ဦးစားဖို့မနက်အဘောင် ဈေးသွားချက်ထားတာ … "

ရဲရင့်အောင်ဇေခ

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ … ဦး …"

"ဘာလဲ … ဦးက အလုပ်သမားတစ်ယောက်ချက်ထားတဲ့ ဟင်းမို့ စားချင်တာလား"

မျက်နှာစူပုပ်ကာပြောတဲ့ ရတီဝင့်ကျော်ကြောင့် ဦးသီဟဇော်အနေ ခက်သွားသည်။ အတွင်းရေးမှူးမလေးအေးငြိမ်းကိုလှမ်း၍ …

"အေးငြိမ်းရေ … ဆရာစားနေကျစားသောက်ဆိုင်ကို မနက်စာလာ ပို့တော့လို့ပြောလိုက်"

"ဟုတ်ကဲ့"

အတွင်းရေးမှူးမလေးက ဖုန်းနှင့်လှမ်းပြောတော့ ဦးသီဟဇော်က ရတီဝင့်ကျော်အား …

"လာ … သမီး … ထမင်းစားခန်းက သွားစောင့်နေမယ်"

"အင်း"

ကုမ္ပဏီက ဦးသီဟဇော်သီးသန့်စားသည့် ထမင်းစားခန်းတွင် ရတီဝင့်ကျော်နှင့်အတူ အစားအသောက်လာပို့မှာကိုစောင့်နေလိုက်သည်။

"သမီးက အိမ်မှာ ကိုယ်တိုင်ထမင်းဟင်းချက်တာလား"

"မဟုတ်ဘူး အလုပ်သမားတွေချက်တာ ဒီနေ့မှ ဦးကြိုက်မယ်ထင်တဲ့ ဟင်းကို ကိုယ်တိုင်သွားဝယ်ချက်တာ"

"သမီးက ဦးဘာကြိုက်တယ် ဘယ်လိုသိလဲ"

"သိတာပေါ့ ဦးရဲ့"

ပြော၍ပြုံးပြုံးလေးနှင့် ဦးသီဟဇော်ကို ကြည့်နေသည်။ ဦးသီဟဇော် က …

"သမီး ရုံးတက်တော့ ကုမ္ပဏီကဖယ်ရီပဲစီးတာလား"

"ခစ် … ခစ်"





ရတီဝင့်ကျော်က ရယ်လေသည်။ ဦးသီဟဇော်က နားမလည်စွာဖြင့်

"ဘာ … ဘာရယ်တာလဲသမီး"

"ရတီက ကိုယ့်အိမ်ကကားနဲ့ရုံးတက်တာပါ၊ ရုံးရှေ့မှာရပ်ထားတဲ့ အနက်ရောင် မာစီးဒီးကားက ရတီ့ကားလေ"

"ဟင်"

မာစီးဒီးကားနှင့် ကုမ္ပဏီရုံးကိုတက်နိုင်သူက ကုမ္ပဏီကပေးသည့် လစာနှင့် အလွန်အလုပ်များနေသည့် အလုပ်များကိုလာလုပ်နေသည်ဟုတွေးကာ ဦးသီဟဇော် အံ့ဩမိသည်။

"သမီးက ကိုယ်ပိုင်ကားနဲ့ရုံးတက်နိုင်ရဲ့သားနဲ့ ဘာလို့ကုမ္ပဏီအလုပ် လာလုပ်တာလဲ"

"ဦးကိုတွေ့ချင်လို့"

"ဆရာ … မနက်စာရပါပြီ"

ဆိုင်ဝန်ထမ်းလေးတစ်ဦးက အစားအသောက်များယူ၍ အခန်းထဲဝင် လာသဖြင့် စကားပြောကပြတ်သွားသည်။

ဦးသီဟဇော် ထမင်းစားရန်အတွက်လည်း ရတီဝင့်ကျော်ထ၍လုပ်ပေး သဖြင့် ဆိုင်ဝန်ထမ်းလေးကပြန်ထွက်သွား၏။

"ဦး … ရော့ စား"

ရတီဝင့်ကျော်က ဦးသီဟပန်းကန်ထဲသို့ သူချက်လာသည့် ဟင်းများ ကိုထည့်ပေးသည်။

"စားလို့ကောင်းရဲ့လား ဦးရဲ့"

"ကောင်းပါတယ်"

ဦးသီဟဇော်ကသာ စားနေသည်။ ရတီဝင့်ကျော်မစား ဦးသီဟဇော် စားတာကိုပဲကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦး … အမျိုးသမီးကလည်း ဟင်းချက်ကောင်းမှာပေါ့နော်"

"အင်း … ကောင်းပါတယ်"

"ဦးအမျိုးသမီး နာမည်ဘယ်လိုခေါ်လဲဟင်"

ဦးသီဟဇော်က ထမင်းကိုငုံ့စားနေရင်း ရတီဝင့်ကျော်ကိုမျက်လုံးလှန်ကြည့်ပြီး

"ဒေါ်မျိုးမြတ်မြတ်"

"ချောမှာပေါ့နော် အန်တီနဲ့တွေ့ချင်လိုက်တာ"

"ဘာလုပ်မလို့လဲ"

ဦးသီဟဇော် အလျင်အမြန်မေးလိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး စိတ်ထဲမှာတွေ့ချင်လို့ ပြီးတော့လေ အိပ်မက်ထဲမှာ ရတီတီးတဲ့စန္ဒယားကြီးကို တီးချင်လိုက်တာ"

"ဦး အမျိုးသမီးက ရန်ကုန်မှာမဟုတ်ဘူး၊ နယ်မှာ ရန်ကုန်မှာမနေတတ်ဘူးတဲ့"

"ဩော်"

ပြော၍ ရတီဝင့်ကျော်ငိုင်သွားလေတော့သည်။ ဦးသီဟဇော်လည်း မယ်ဟန်ဆောင်ကာ ထမင်းဆက်၍စားနေလေတော့သည်။

◆◆◆



"သီဟ … ရုံးထဲမှာ မင်းသတင်းတွေပွနေပြီ အနေအထိုင်ဆင်ခြင်ဦး သတိသာပေးနေရတာပါ မင်းအကြောင်းငါသိနေတာပဲ"

ဦးမျိုးဝင်းနှင့်သူ စားသောက်ဆိုင်ထိုင်တော့ ဦးမျိုးဝင်းကသူ့ကိုသတိပေးကာပြောလေသည်။

"ငါ အတတ်နိုင်ဆုံး ရတီကိုလိုက်လျှောနေတာက သူနှစ်ဘဝလုံး ငါ့လက်ပေါ်မှာသေခဲ့တယ်၊ ဒုတိယဘဝမှာ ငါ့သမီးဖြစ်ခဲ့တယ်ဆိုတဲ့ အသိတွေကြောင့်ပဲ"

"မင်းအစွဲတွေလည်းဖျောက်ပါကွာ လက်ရှိဖြစ်သင့်တဲ့ဘဝကိုပဲ စဉ်းစားတို့တွေရဲ့အသက်လည်း နည်းမှမနည်းတော့တာ"

ဦးမျိုးဝင်းကတော့ ဦးသီဟဇော်က …

"မျိုးဝင်း ငါ ဒီနေ့ထိ ငါ့ဇနီးမျိုးကလွဲလို့ ဘယ်မိန်းမအပေါ်မှာမှ ဖောက်ပြန်တဲ့စိတ်မထားခဲ့ဘူး"

"ငါယုံပါတယ် ပတ်ဝန်းကျင်က ငါလက်ခံသလိုလက်ခံမှာ မဟုတ်ဘူး မင်းခံစားချက်ကိုနားလည်မှာလည်းမဟုတ်ဘူး … ရတီဝင့်ကျော်အသက်က



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လကျော်ပြီ တစ်ရက်မှ မင်းအပေါ်အပြုအစုမပျက်ဘူး … ချမ်းသာတဲ့ အသိုင်းအဝိုင်းလူဆိုပေမယ့် မင်းကိုတော့ ခိုင်းထားတဲ့အိမ်အလုပ်သမားတစ်ယောက်လို လိုအပ်တာလုပ်ပေးနေတာတော့ ငါအံ့သြတယ်''

ဦးမျိုးဝင်းက စကားအရှည်ကြီးပြောတော့ ရေသန့်ဘူးထဲကရေကို ဖန်ခွက်ထဲထည့်ငှဲ့သောက်လိုက်သည်။ ဦးသီဟဇော်ကတော့ တစ်စုံတစ်ခုကို အလေးအနက်ထားတွေးကာ …

''သိပ်မကြာတော့ပါဘူး မျိုးဝင်းရယ် ဒီလမ်းတွေမကြာခင်ပျက်တော့မှာပါ''

''ဘာလဲကွ … မင်းစကားက''

ဦးသီဟဇော်စကားကို ဦးမျိုးဝင်းကနားမလည်၍မေးလိုက်ခြင်းဖြစ်သည်။

''အခု နိဝင်ဘာလကုန်တော့မယ်လေ ဒီဇင်ဘာတစ်ရက်မှာ သူတို့သေခဲ့ကြတယ်''

''မင်းဆိုလိုတာက … ''

''မင်းစောင့်ကြည့်ကွာ ဘာတွေဖြစ်လာမလဲဆိုတာ … ''

ဦးသီဟဇော် စကားကိုရပ်ကာထားသဖြင့် ဦးမျိုးဝင်းလည်းဆက်မမေးတော့ဘဲ နေလိုက်သည်။

◆◆◆



ဘဝရဲ့မကျန်နိုင်တဲ့ဝဋ်ကြွေးတွေကို ဆပ်လိုက်တဲ့ညတစ်ညမှာတော့ ....

www.burmeseclassic.com

www.burmeseclassic.com

ကားကအရှိန်အရမ်းများလွန်းနေပေမယ့် ဦးသီဟာဇော်လီဟာကိုမလျှော့ သူ့ဘေးကဦးမျိုးဝင်းကတော့ အိပ်လို့ပင်ပျော်နေသည်။

"ကို ... မနက်ဖြန်ရောက်အောင်လာနော် အရေးကြီးတယ်"

ဖနီးသည် မျိုးမြတ်မြတ်က ဖုန်းထဲကပြောသည့်အသံကို နားထဲကြားနေမိသည်။ ဒေါ်မျိုးမြတ်မြတ် ဖုန်းဆက်တော့ ညကိုးနာရီကျော်နေပြီ ... ညဘက် ခရီးသွားဖို့ကလည်း ဘယ်လိုမှမဖြစ်နိုင်တာကြောင့် မနက်စောစော ဦးမျိုးဝင်း ကိုခေါ်ကာ ကားကိုကိုယ်တိုင်မောင်းလာသည်။

သူတို့မြို့သို့ပြန်ရန်မှာ တစ်နေ့ခရီးဖြစ်တာကြောင့်လည်း ကားကိုအရှိန် လျှော့၍မရ ဦးမျိုးဝင်းက တစ်ညလုံးသူတို့မရှိလျှင်ကုမ္ပဏီ၌လုပ်ရမည့် အလုပ် ဖယားကိုဆွဲခဲ့တာကြောင့် အိပ်ပျော်လို့နေခြင်းဖြစ်သည်။

ထူးခြားတာက ဒီရက်အတွင်း ရတီဝင့်ကျော် ကုမ္ပဏီသို့မလာခြင်း ဖြစ်၏။

ဖနီးသည်မျိုးမြတ်မြတ်က အမြန်ပြန်လာအရေးကြီးသည်ဟုသာဆို သည် တခြားအကြောင်းဘာမှမပြော တစ်စုံတစ်ခုတော့ထူးလိမ့်မည်ဟုတွေးမိ သည်။

---

ရှိရင့်အောင်စာပေ



ညနေစောင်းရောက်တော့ အအေးဓာတ်ကပိုလာသည်။ တစ်နေကုန် ကားမောင်းလာရတာကြောင့်လည်း လူတစ်ကိုယ်လုံးကိုက်ခဲလို့နေ၏။ ဦးမျိုးဝင်းက တစ်လှည့်ဝင်မောင်းပေးသဖြင့် ကားနောက်ခန်းဝင်ထိုင်ကာ အညောင်းဆန့်ရင်း အိပ်ပျော်လို့သွားသည်။

"သီဟ ... ထ ... ရောက်ပြီ"

ဦးမျိုးဝင်းက အတင်းလှုပ်နိုးသဖြင့် မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ ကားကခြံထဲပင်ရောက်နေပြီ ...

ကားပေါ်ကဆင်းတော့ ဖနီးသည်မျိုးမြတ်မြတ်က အိမ်ထဲကထွက်လာ ကာ သူ့ကိုလာကြိုသည်။

"မနေ့ကတည်းက လာမယ်ထင်နေတာ ခုညဆယ့်တစ်နာရီတောင် ရှိနေပြီ ကို အရမ်းပင်ပန်းနေပြီလား"

"ရတယ် မျိုး"

ဖနီးသည် ပခုံးကိုဖက်ကာ အိမ်ထဲသို့ဝင်လာပြီး ဧည့်ခန်းထဲတွင်ခြေပစ် လက်ပစ်ထိုင်ချလိုက်၏။

ဖနီးသည်က သူ့အကြိုက်ကော်ဖီပူပူတစ်ခွက်ကိုသွားဖျော်ကာတိုက် သည်။ ဦးမျိုးဝင်းကတော့ သူ့ဘေးမှာထိုင်လိုက်သည်။

"ဘာကိစ္စလဲ ပြောမျိုး ... ဖုန်းထဲမှာမေးတော့လည်း မပြောဘူး"

ဒေါ်မျိုးမြတ်မြတ်က အပေါ်ထပ်သို့မော့ကြည့်ကာ ...

"ထက်ဝင့်ကျော် ... အဲ ... ရတီဝင့်ကျော်ရောက်နေတယ် ကို အပေါ်ထပ်မှာ ... "

"ဟင်"

သူဘယ်လိုမှထင်မထားသည့် အဖြစ်မို့ အံ့သြပြီးမျိုးဝင်းနှင့်အတူ ကြည့်လိုက်သည်။ ဒေါ်မျိုးမြတ်မြတ်က ...

---

ရှိရင့်အောင်စာပေ

www.burmeseclassic.com



''သူက ကိုတို့ကုမ္ပဏီမှာ အလုပ်လုပ်တာတဲ့ ကိုနေတဲ့နေရပ်လိပ်စာကိုအဲ့ခွဲထဲကရလို့ ဟိုတာဝတုန်းက သူတီးခဲ့တဲ့ စန္ဒယားကို တီးချင်လို့လာတယ် ပြောတာပဲ''

''ရောက်တာကြာပြီလား''

''မနေ့ညနေက တစ်ယောက်တည်းရောက်လာတာ ခြံထဲမှာလေ သွားမှာစိုးဒီး''

''ကိုယ်သတိမထားမိဘူး''

ထိုစဉ် ... စန္ဒယားတီးသံပျံ့လွင့်လို့လာသဖြင့် သူတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဦးသီဟဇော်က ...

''ငါသွားကြည့်လိုက်မယ်''

ပြော၍ အပေါ်ထပ်တက်သည့်လှေကားမှ တက်လာခဲ့သည်။ စန္ဒယားတီးနေသည့် အခန်းသို့တဖြည်းဖြည်းလျှောက်လာရင်း အခန်းဝထဲသို့ကြည့်လိုက်ရာ အဖြူရောင်ဂါဝန်ရှည်နှင့် ဆံပင်တို့ကိုဖြန့်ချထားပြီး စန္ဒယားတီးနေသည့် ရတီဝင့်ကျော်ကိုတွေ့လိုက်ရသည်။

စန္ဒယားသံစဉ်တွေကြားမှာ လွင့်မြောနေတဲ့ပုံသဏ္ဍာန်မှာ ဝိညာဉ်တစ်ယောက်တီးနေသည့် ပုံသဏ္ဍာန်မျိုးဖြစ်နေ၏။

အခန်းမီးရောင် ပြာလဲ့လဲ့ရဲ့အောက်မှာ ရတီဝင့်ကျော်ရဲ့က စန္ဒယားတီးနေပုံမှာ အလွန်လှပလို့နေသည်။

စန္ဒယားတီးသံတဖြည်းဖြည်းလျော့လာကာ နောက်ဆုံး၌ရပ်လို့သွားပြီး ထိုင်ရာထ၍လျှောက်လာကာ

''ဦး ... ဦးရတို့ဆီလိုက်လာမယ်ဆိုတာ ရတီသိနေပါတယ်၊ ဒီညရတီ အိပ်မက်မက်မယ့်ညလေ ရတီအိပ်မက်မမက်ချင်တော့ဘူး ဦး ... ရတို့ကို အဲဒီအိပ်မက်တွေက ခြောက်လှန့်နေတာကြာပါပြီ''





ရတီဝင့်ကျော်က ဦးသီဟဇော်နားရောက်လို့လာတော့ ဦးသီဟဇော်က ...

''အောက်ထပ်သွားရအောင် သမီး''

''ဦး ... ရတီ စန္ဒယားတီးခဲ့ပြီးပြီ ရတီစွဲလမ်းခဲ့ရတဲ့ ဦးကိုလည်း မြင်ခဲ့ရပြီးပြီ ရတီအိပ်မက်ထဲကအတိုင်းဆိုရင် ... ''

ရတီဝင့်ကျော် မျက်နှာလေးငယ်စွာပြောတော့ ဦးသီဟဇော်က ...

''သမီး ... လာပါကွယ် ... အောက်ထပ်သွားရအောင်နော်''

ရတီ ခန္ဓာကိုယ်လေးတုန်နေသည်။ သို့သော် ... ဦးသီဟဇော် ခေါ်ရာနောက်သို့ မငြင်းနိုင်ဘဲပါလာသည်။

လှေကားထိပ်ရောက်တော့ ဦးသီဟဇော်က ...

''ဆင်းလေ သမီး''

ရတီဝင့်ကျော်ကို ရှေ့မှဆင်းလိုက်သည်။ ရတီဝင့်ကျော် မျက်နှာကို စောင်း၍ ဦးသီဟဇော်သေချာစိုက်ကြည့်ပြီး ...

''ဦး''

ခေါ်လိုက်စဉ် ...

''ရော့ ... ကွာ ... ''

''ဝုန်း ... ဒုံး ... ဒုံး''

''အား''

ရတီဝင့်ကျော်လှေကားအတိုင်းအောက်သို့ ကျသွားလေသည်။

''ဟင်''

''ဟာ''

ဦးမျိုးဝင်းနှင့် ဒေါ်မျိုးမြတ်မြတ်တို့ပြေးလာပြီး လှေကားအောက်ခြေ တွင်သွေးများဖြင့်လဲနေသော ရတီဝင့်ကျော်ကိုတစ်လှည့် လှေကားထိပ်မှာ ...

www.burmeseclassic.com



ပြုံးနေသည့် ဦးသီဟဖော်ကို တစ်လှည့်ကြည့်သည်။

ဒေါ်မျိုးမြတ်မြတ်က ...

"ကို ... ဘယ်လိုလုပ်လိုက်တာလဲ"

"ဒုံး ... ဒုံး ... "

ဦးသီဟဖော်က လေကားပေါ်မှ တစ်လှမ်းချင်းဆင်းလာကာ ရတိတင့်ကျော်အလောင်းနားမှာ မတ်တတ်ရပ်၍ ...

"ဖာတ်သိမ်းပေးလိုက်တာ၊ ပြီးသွားပြီလေ၊ အခုလိုအဖြစ်မျိုးနောက်ဖြစ်မှာမဟုတ်တော့ဘူး၊ သူ ကိုယ့်လက်နဲ့သေသွားပြီ ဟား ... ဟား"

"ကို သတိထားလေ"

အဆက်မပြတ်ရယ်မောနေသော ဦးသီဟဖော်ကို ဒေါ်မျိုးမြတ်မြတ်က သတိပေးသော်လည်း ဦးသီဟဖော်က ရယ်လိုက်ငိုလိုက်နှင့်။

"ကျိန်စာ အခုတော့ပြီးသွားပြီ ... ဟား ဟား သုံးဘဝတိုင်တိုင် မပြီးခဲ့တဲ့ကြွေးတွေ ဒီနေ့အပြီးဆပ်လိုက်ပြီ၊ ဟား ... ဟား ... ဟား"

"သီဟ ... သတိထားလေ ... "

"ဘာလဲ ... ဘာတွေလာပြောနေတာလဲ သွား"

ဦးသီဟဖော်ရဲ့အသံက တစ်အိမ်လုံးလွှမ်းလို့နေသည်။ ဒေါ်မျိုးမြတ်မြတ်က ...

"ကို ... ဘာဖြစ်သွားတာလဲ"

"သွား ... နင်လည်း အနားမလာနဲ့"

ဦးသီဟဖော် မျက်လုံးပြူးကာ ပါးစပ်ထဲမှသွားရည်များကျလို့လာ သည်။

"သူငယ်ချင်း သီဟ ... "

"သွား ... ငါသီဟမဟုတ်တော့ဘူး ကျိန်စာသင့်တဲ့ ဝိညာဉ်ကွ ဟား ဟား ... "





အဆက်မပြတ်ရယ်မောကာ အိမ်ထဲမှပြေးထွက်သွားလေတော့သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

သင်္ချိုင်းထဲတွင် ထူးခြားစွာပင်အုတ်ဂူသုံးလုံးကို ဆေးဖြူတို့
သုတ်ထားသည်၊ တစ်လုံးက ထက်ဝင့်ကျော် တစ်လုံးကသွန်းရုတီ နောက်တစ်
က ရတီဝင့်ကျော်၊ နာမည်တွေက ကွဲသလို သေဆုံးတဲ့သက္ကရာဇ်တွေကွာ
လည်း ဝိညာဉ်ကတစ်ခုတည်းလို့ ဒီမြို့ကလူတွေကပြောကြသည်။

တကယ်ဟုတ်မဟုတ်မသိပေမယ့် ဒီမြို့ကစိတ္တဇဝေဒနာရှင်ကြီး
တော့ . . . အုတ်ဂူတွေကို ဒီဇင်ဘာတစ်ရက်ညတိုင်းသွားတွန်းနေသည်
လေ ...

ကြိုးစားပါဦးမည်
ကန်လေးရိုးက ဗွားလောက်
တယ်လီဖုန်းဖြင့် ဝယ်/
အကြံပြုသူများ
ဖုန်း – (၀၁)၄၀၁၃၆၄၊ (၀၁)၇၃၁

ရဲရင့်အောင်စာပေ

www.burmeseclassic.com